# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အရေးပေါ်အစည်းအဝေး

# (၁/၂၀၁၄)

# ကျင်းပခြင်း

D/sixth marticar(1)

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး(၁/၂၀၁၄)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | **အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ပထမနေ့မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၃ |
| (၄) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၄ |
| (၅) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၈ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားခြင်း။ | ၁၂ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်၏ ရှင်းလင်းပြောကြားချက်အား မှတ်တမ်းတင်ခြင်း။ | ၂၀ |




D/sixth marticar(2)




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ | ၄၂ |
| (၅) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်တင်ပြသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ | ၄၅ |
| (၆) | ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းခြင်း။ | ၅၃ |
| (၇) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။ | ၆၇ |
| (၈) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၄) ပြီးမြောက်ကြောင်း ကြေညာခြင်း။ | ၆၉ |
| - | မှတ်တမ်းတင်ခြင်း | ၇၀ |

(၈) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၄-၁၂-၂၀၁၄)တွင် အတည်ပြုပြီးဖြစ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား ပြန်လည်တင်ပြခြင်း။ ၂၂

(၉) ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၃၇

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး ပထမနေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။ ၃၈

**(ခ) အရေးပေါ် အစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၉

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၄၁

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး (၁/၂၀၁၄)၊
# (ပထမနေ့)မှတ်တမ်း
## ၁၃၇၆ ခုနှစ်၊ နတ်တော်လဆုတ် (၁၂)ရက်
## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁၈) ရက်
## [ **ကြာသပတေးနေ့** ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)၊ ပထမနေ့ အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံး အကြီးအမှူးကဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) ၊ပထမနေ့ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်





## ပြည်နယ်လွှတ်တော်အစည်းအဝေး
## အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း
## ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)၊ ပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၁၉)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏(၈၅. ၆၁)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ပထမနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး

ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသွားမှာဖြစ်ပါတယ်။ ယခု ကျွန်တော့်အနေနဲ့ ပြည်နယ် လွှတ်တော်ကို နှုတ်ခွန်းဆက်စကား အနည်းငယ်ပြောကြားလို ပါတယ်။

## ပထမအကြိမ်
## ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)
## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က
## ပြောကြားမည့်နှုတ်ခွန်းဆက်စကား

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၄)သို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပထမဦးစွာ ဒီအရေးပေါ် အစည်းအဝေး ခေါ်ယူရတဲ့ အကြောင်းရင်းကို ရှင်းလင်းပြောကြားလိုပါတယ်။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ(၃၃)မှာ ဖော်ပြထားတဲ့အတိုင်း “ လွှတ်တော်အစည်း အဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က အကြောင်းကြားလျှင် လွှတ်တော်ဥက္ကဋ္ဌသည် အထူး အစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူ ကျင်းပပေးရမည်” ဆိုတဲ့ ပုဒ်မနှင့်အညီ ယခု အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)ကို ခေါ်ယူကျင်းပရတာ ဖြစ်ပါတယ်။



D/real(wide) (2



ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြား အပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား ။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

အစီအစဉ်(၂)ဖြစ်ပါတယ်။ ဥက္ကဋ္ဌ။ ကတိသစ္စာမပြုရ သေးသော တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ်။

(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာ ပြုပြီးနောက် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိပြီးဖြစ်တဲ့ အတိုင်း မကြာမီက ကျင်းပပြီးစီးခဲ့တဲ့ ရှမ်းပြည်နယ် လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းကို အတည်ပြု ကြေညာခဲ့ပါတယ်။ ဒီငွေစာရင်းကို ကန့်သတ်ရက်အတွင်း အချိန်မီ ပေးပို့နိုင်ရေးအတွက် တာဝန်ရှိတဲ့ဌာနများနဲ့ အစိုးရအဖွဲ့တို့က အချိန်တိုအတွင်းဆောင်ရွက်၊ အချိန်တိုအတွင်း တင်ပြကြ၊ ပြီးတော့ ကျွန်တော်တို့လွှတ်တော်ကလည်းဘဲ အချိန်တိုအတွင်း ဆွေးနွေးပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူခဲ့တာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က အပြုသဘောဆောင်ပြီး ဝေဖန်ထောက်ပြခဲ့တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်အနေနဲ့ များစွာကျေးဇူးတင်ရှိပါတယ်။ ဝေဖန် အကြံပြုချက်များကို ကြည့်မယ်ဆိုလို့ရှိရင် လျှပ်စစ်စွမ်းအားကဏ္ဍမှာ ဘတ်ဂျက်ထပ် နေခြင်း၊ လျာထားချက်ညီမျှမှု မရှိခြင်း၊ ပေးထားသော ကတိကဝတ် အတိုင်း ဆောင်ရွက်မှု အားနည်းခြင်း၊ စည်ပင်သာယာရေးကဏ္ဍမှာ လုပ်ငန်းလျာထားမှု တိတိကျကျ မသိရှိရခြင်း၊ အချို့ရုံးနှင့်ဌာနများ အတွက် ရုံးသုံးပစ္စည်းနှင့် ပရိဘောဂများဝယ်ရာမှာ ဈေးနှုန်းကွာဟမှု ရှိခြင်းတို့ကြောင့် ရှိတဲ့အကြောင်း ဆွေးနွေးသွားတာကို တွေ့ရှိရပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့ရဲ့ အကြံပြုဆွေးနွေး ချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်အပါအဝင် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများကလည်းဘဲ အစည်းအဝေး မှာ ကိုယ်တိုင်ကိုယ်ကျ ကြားသိရပြီး ဖြစ်ပါတယ်။ ယခု ပထမ





ခြေငွေစာရင်းကို (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၉ နှင့်အညီ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူခဲ့ပြီး ဖြစ်ပါတယ်။ ဒ့ါကြောင့် ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာ ကိစ္စနှင့် စပ်လျဉ်းပြီး ဒီအရေးပေါ် အစည်းအဝေး ဆောင်ရွက်ချက်များကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၄၆ နှင့် အညီ ဆောင်ရွက် မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နည်းဥပဒေပုဒ်မ ၁၄၆ မှာ ဥက္ကဋ္ဌ သည် နည်းဥပဒေ ၁၄၅ အရ ပေးပို့လာသော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပေးပို့ရမည်လို့ ဖော်ပြထားပါတယ်။

သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် ယခု အရေးပေါ် အစည်းအဝေး (၁/၂၀၁၄)မှာ ဆောင်ရွက်တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၄၆ နှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြား လိုပါတယ်။

ယခုခေါ်ယူရတဲ့ အစည်းအဝေးဟာ အရေးပေါ် အစည်း အဝေး ဖြစ်ပါတယ်။ အရေးပေါ် အစည်းအဝေး ကလည်းဘဲ ဘတ်ဂျက်ကို အကြောင်းပြုပြီး ခေါ်ယူတာဖြစ်တဲ့အတွက် အစည်း အဝေးခေါ်ယူရခြင်း ခေါင်းစဉ်နှင့် စပ်လျဉ်းသည့် အကြောင်းအရာ ကိုသာ ဆွေးနွေးဖို့ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း စတဲ့ကိစ္စများကိုတော့

ပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ပဏာမ အနေနဲ့ ရှင်းလင်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီကနေ့ ကျင်းပ ပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)ကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)၊ပထမနေ့သို့ အကြောင်း အမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော်





အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အပြီး ပြည်ထောင်စု၏ဘဏ္ဍာရေးကော်မရှင်သို့ ပေးပို့သည့် ရှမ်းပြည်နယ်၏ ဘဏ္ဍာအရအသုံးဆိုင်ရာ လျာထားချက်ကို ပြည်ထောင်စုလွှတ်တော်က အတည်မပြုရသေးမီ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို လိုအပ်သလိုပြုပြင်ရေးဆွဲပြီး လွှတ်တော်ကို ပြန်လည်တင်ပြဖို့ ဖြစ်ပါတယ်။ ဒီလိုပြုပြင်ရေးဆွဲရာမှာ မူလက ဆွေးနွေးအကြံပြုခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့ရဲ့ အကြံပြုချက်များကို ပေါင်းစပ်စိစစ်၍ ရေးဆွဲပြုစုမှာ ဖြစ်သလို နောက်ထပ် အကြံပြုဆွေးနွေးဦးမည့် ကြိုတင်အမည် စာရင်းပေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၄င်းတို့ရဲ့ ဆွေးနွေးချက်များကို ထည့်သွင်းဆွေးနွေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဘတ်ဂျက်ဆိုသည်မှာ နှစ်စဉ်ပြဋ္ဌာန်းပေးရသည့်ကိစ္စ ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်မှာဆိုလျှင် ပြည်ထောင်စုအစိုးရကသာ ဘဏ္ဍာငွေစာရင်း၊ စီမံကိန်းနှင့် အခွန်ကိစ္စများကို တင်သွင်းနိုင်သလို၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှာလည်းဘဲ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းကြရတာဖြစ်ပါတယ်။ တင်သွင်းလာတဲ့ကိစ္စများကို လွှတ်တော်မှာ အတည်ပြုပြီးပါက ဥပဒေပြုပေးရမှာ ဖြစ်တဲ့အတွက် ၄င်းကိစ္စကို မတင်မီ အကျေအလည် ညှိနှိုင်းပြီး အားလုံးဟာ ညီတူမျှတူ ဆောင်ရွက်ဖို့ လိုအပ်ကြောင်း၊ မိမိတို့ လွှတ်တော်မှာ ငွေရေးကြေးရေး **(Finicial Authorize)** ရှိရန်နှင့် လွှတ်တော်မှာ **(Administrative)**ရှိရန် လိုအပ်ကြောင်း ကျွန်တော်အနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးမှာ ပြောကြားခဲ့တာကို ထပ်မံ ဖော်ပြပြောကြားလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်း

ကိုယ်စားလှယ်စုစုပေါင်း(၂၀)ဦးအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိတဲ့အတွက် ကင်းလွှတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဗိုလ်မှူးသန်းထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့်၊ ခွင့်(၂)ရက်

(၂) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ ခွင့်(၂)ရက်

(၃) ဗိုလ်မှူးသန်းလွင်၊တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ ခွင့်(၂)ရက်

(၄) ဗိုလ်မှူးလှထွန်းအောင်၊တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ ခွင့်(၂)ရက်

(၅) ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သားကိုယ်စားလှယ် ၊ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ ခွင့်(၂)ရက်

(၆) ဗိုလ်ကြီးကျော်ခန့်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ ခွင့်(၂)ရက်

(၇) ဦးပယ်စောက်ချိန်(ခ)ဦးဘေဆော်ချိန်၊လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ခွင့်(၂)ရက်





(၁၈) ဦးလောဝ်ခမ်း၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ခွင့်(၂)ရက်

(၁၉) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ခွင့်(၂)ရက်

(၂၀) ဒေါ်နန်းခမ်းပိုင်း၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ခွင့်(၂)ရက်၊ ဒီကနေ့ ခွင့်လျှောက်ထားသူအားလုံး (၂၀)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေငြာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူ ပါမယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကအတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့ အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ ရှင်းလင်း ပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။**

**ဦး**စဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။အားလုံး မင်္ဂလာပါ။ ကျွန်တော်တို့ ဒီကနေ့ ပထမ အကြိမ် ရှမ်းပြည်နယ် လွှတ်တော်၊ အရေးပေါ်အစည်းအဝေး ပထမနေ့မှာ ကျွန်တော် ရှမ်းပြည်နယ်ဝန်ကြီးချုပ် အနေနဲ့ ပြည်နယ်လွှတ်တော်သို့ ဆွေးနွေး ပြောကြားမှုခွင့်ပြုတဲ့အတွက် ဂုဏ်ယူကြောင်း ပထမဦးစွာ ပြောကြား လိုပါတယ်။ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-





(၈) ဦးမြီရှောက်ချန်း(ခ)ဦးမြင်ရှော်ချန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး မကောင်းပါသဖြင့်၊ခွင့်(၂)ရက်

(၉) ဦးခွန်ထွန်းလူ(ခ)ဦးထွန်းလူ၊ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါ သဖြင့်၊ခွင့်(၂)ရက်

(၁၀) ဦးခွန်ထွန်း၊မက်မန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ခွင့်(၂)ရက်

(၁၁) ဦးဝေရှောက်ရင်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ ခွင့်(၂)ရက်

(၁၂) ဒေါ်နန်းအက်စ်ကီးမိုး၊လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ လူကြီးခရီးစဉ်ရှိပါသဖြင့်၊ခွင့်(၂)ရက်

(၁၃) ဦးစိုင်းကျော်ဇေယျ၊လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ လူကြီးခရီးစဉ်ရှိပါသဖြင့်၊ခွင့်(၂)ရက်

(၁၄) ဦးမြင့်လွင်(ခ)ဦးဝမ်ကွယ်တာ၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးမကောင်း ပါသဖြင့်၊ခွင့်(၂)ရက်

(၁၅) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးမကောင်း ပါသဖြင့်၊ခွင့်(၂)ရက်

(၁၆) ဦးစောမူးလာ၊မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်၊ ခွင့်(၂) ရက်

(၁၇) ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့်၊ ခွင့်(၂)ရက်

ကျွန်တော်တို့ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အရေးပေါ်အစည်းအဝေး ပထမနေ့ မှာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ သမိုင်းအစဉ်လာကြီးမားတဲ့ နိုင်ငံတော် ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေအပေါင်းဟာ စည်းလုံးညီညွတ်စွာနေထိုင်လာခဲ့ကြပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံအဖြစ် ထည်ဝါစွာ ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး မိမိနိုင်ငံနှင့် လိုက်လျောညီထွေစွာ ကြိုးပမ်းတည်ဆောက်နေတဲ့ ကာလလည်း ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးပြီး တစ်ကြိမ်ပြဋ္ဌာန်းလိုက်ရုံနဲ့ နိုင်ငံတစ်ကာမှာလည်း အားလုံး ပြီးပြည့်စုံမှု မရှိနိုင်ပါဘူး။ ဒါ့ကြောင့် အနာဂတ်နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိပြီး ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးမှာလည်း ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့ရဲ့ မျှော်မှန်းချက်အပြင် ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုများ အားလုံးရဲ့ မျှော်မှန်းချက် မျှော်လင့်ချက်တွေ ဟာလည်း အရေးကြီးကြောင်း တင်ပြလိုပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၁) ပုဒ်မခွဲ(က) မှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေ





အစိုးရအဖွဲ့မှ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းပေးပို့ထားပြီး ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပြီးတော့မှ တင်ပြထားတဲ့ ကိန်းဂဏန်းစာရင်းဇယားတွေကို ဒုတိယသမ္မတနှင့် ဦးဆောင်သောအဖွဲ့နဲ့ စိစစ်တဲ့နေရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပြည်ထောင်စုမှထောက်ပံ့ပေးနိုင်မည့် အခြေအနေပေါ်မူတည်၍ ထောက်ပံ့ငွေရရှိမှာ ဖြစ်ပါတယ်။ ထောက်ပံ့ငွေရရှိမှုအပေါ်မှာ မူတည်ပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲပြီး တင်ပြရမှာ ဖြစ်ပါတယ်။ ဒီလို ပြင်ဆင်ရေးဆွဲပြီးတဲ့ ပြည်သူ့ဘဏ္ဍာငွေ အရအသုံး စာရင်းကို ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးကော်မရှင်မှ အတည်ပြုပြီးလို့ရှိရင် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်သွင်းသွားရမှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တင်သွင်းခဲ့တဲ့ ပြည်နယ်လွှတ်တော်မှ အတည်ပြု ထားပေးတဲ့ ၂၀၁၅-၂၀၁၆ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းမှာ ပါဝင်တဲ့ ဆည်မြောင်းဦးစီးဌာန၊ ပြည်နယ်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ရဲ့ လုပ်ငန်းများအသေးစိတ်ကို လုပ်ငန်းများမထပ်စေဖို့ တွက်ချက်မှုနှုန်းထား စာရင်းမှန်ကန်စေဖို့ အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သောအဖွဲ့မှ ထပ်မံ စိစစ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းပြုသည်ဟုလည်းကောင်း၊ ပုဒ်မ(၁၁) ပုဒ်မခွဲ(ခ) မှာ ထိုသို့ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပေးပါတယ်။ အလားတူ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)မှာလည်း နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဤဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်ဟု ပြဋ္ဌာန်းထားတာ ရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြဋ္ဌာန်းချက်တွေနှင့်အညီ (၁-၁၂-၂၀၁၄)ရက်နေ့မှ (၄-၁၂-၂၀၁၄)ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်ရဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွေကို တင်သွင်းပေးပြီး ပြည်နယ်လွှတ်တော်ကနေ အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ အတည်ပြုပြီးတဲ့ စာရင်းတွေကို ရှမ်းပြည်နယ်





ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ရငွေ ကျပ်သန်းပေါင်း (၃၈၁၆၆. ၆၆၆)သန်း၊ သုံးငွေကျပ်သန်းပေါင်း(၄၆၂၅၅. ၁၉၃)သန်း ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အတွက် ကျပ်သန်းပေါင်း (၉၁၂၆၀. ၅၉၄)သန်းအနက် ရှမ်းပြည်နယ်ဒေသအသီးသီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက်ကို ကျပ်သန်းပေါင်း (၅၃၉၄၉. ၅၃၄)သန်း လျာထားပြီးဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၅၉. ၁၂ %)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ သာမန်အသုံးစရိတ်မှာပါတဲ့ လစာစရိတ်အတွက်ကို ကျပ်သန်းပေါင်း (၂၄၅၆၃. ၄၂၆)သန်း လျာထားပြီး ရာခိုင်နှုန်းအားဖြင့် (၂၆. ၉၂%) ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ်သန်းပေါင်း (၃၇၁၂၉၄. ၅၉၉)သန်း ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် ဒေသအသီးသီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ အတွက်ကို ကျပ်သန်းပေါင်း(၃၃၅၇၉၁. ၂၈၂)သန်း လျာထားပြီး ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၉၀. ၄၄ %)ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများမှာ- ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရရှိသောရငွေတွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလားတူပဲ ဆည်မြောင်းဦးစီးဌာနက တူးမြောင်း၊ ရေသွင်းမြောင်းတွေ ပြုပြင်ရေး၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေပိုလွှဲ၊ ဆည်၊ ကန်၊ တာတမံများ၊ ဆောင်ရွက်နိုင်ရေး ကျပ်သန်းပေါင်း (၄၅၇၅၀. ၃၀၀) သန်း လျာထားပါတယ်။ ကုန်းမြင့်လယ်ယာကနေပြီးတော့မှ ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျပ်သန်းပေါင်း(၁၃၇)သန်း ဖြစ်ပါတယ်။ အလားတူပဲ စက်မှုလယ်ယာဦးစီးဌာနက နေပြီးတော့ စနစ်တကျ လယ်ယာမြေဖော်ထုတ်ရေး ယခုနှစ်အတွက် ဧက(၄၀၀) ဆောင်ရွက်

နိုင်ဖို့အတွက် ကျပ်သန်းပေါင်း(၂၂၀) လျာထားတာဖြစ်ပါတယ်။ နောက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကနေပြီးတော့ ကမ်းပါးပြို၊ မြစ်ကမ်းထိန်းနံရံတွေ ဆောင်ရွက်နိုင်ဖို့အတွက် ကျပ်သန်းပေါင်း(၂၆၆. ၉၀)သန်း လျာထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နတလလို့ အတိုကောက်ခေါ်တဲ့ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကနေပြီးတော့ လမ်းတွေ၊တံတားတွေ၊ပညာရေးနှင့် ရေရရှိရေး၊ စွမ်းအင်၊သာသနာရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ အတွက်ကို ပြည်နယ်ဘတ်ဂျတ် ကနေပြီးတော့မှ ကျပ်သန်းပေါင်း(၄၁၀၁၅. ၇၃၁)သန်းနှင့် ပြည်ထောင်စုဘတ်ဂျက်ကနေပြီးတော့မှ ကျပ်သန်းပေါင်း(၂၁၁၂၆. ၆၃၈၇)သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အတွင်းမှာ လမ်း၊တံတား၊ရေပေးရေး၊ မီးလင်းရေး၊ကျေးလက်အိမ်ရာ၊ ယင်လုံအိမ်သာလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လျာထားစာရင်း ပြည်ထောင်စုဘတ်ဂျက်မှာ ကျပ်သန်းပေါင်း(၁၉၆၇၃၁. ၆၃၆)သန်း တင်ပြတောင်းခံခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အနေနဲ့ ကျပ်သန်းပေါင်း(၂၆၉၂၄. ၈၁၅)သန်းသာ လျာထားတာ ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်တစ်ခုလုံးမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေပြီးတော့မှ ပထမဦးစားပေး ကျပ်သန်းပေါင်း(၂၄၀၉၉. ၉၇၅)သန်းနှင့် ဒုတိယဦးစားပေး ကျပ်သန်းပေါင်း(၁၂၇၂၀. ၇၁၈)သန်း ထပ်မံ အဆိုပြု တင်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက နေပြီးတော့မှ စိမ့်စမ်းရေသွယ်၊ သောက်သုံးရေသွယ်လုပ်ငန်းတွေ နောက်ရေအရင်းအမြစ်တိုင်းတာရေးလုပ်ငန်းတွေ ဒါးဆိပ်နှင့် ကျောက်နီ





လမ်းခင်းခြင်း၊ ပြင်ဆင်ခြင်း၊ သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံများ တည်ဆောက်ခြင်း၊ ကိစ္စရပ်တွေအတွက် ရှမ်းပြည်နယ်တစ်ခုလုံး ငွေကျပ်သန်းပေါင်း(၁၉၀၀၀၀)ကျော် သုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စည်ပင်သာယာရေးဌာန အနေနဲ့ လမ်းတံတားတည်ဆောက် ရေးလုပ်ငန်းတွေ၊ မြို့ပေါ်ရေပေး ရေးလုပ်ငန်းတွေ၊ ကတ္တရာဝယ်ယူခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်းနဲ့ အမှိုက်သိမ်းယာဉ်များ ဝယ်ယူခြင်း၊ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ရငွေပေါ်မှာမူတည်ပြီး စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနကနေ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တွေ ဝယ်ယူနိုင်ရေးလည်း ထည့်သွင်းရေးဆွဲထားတာ ဖြစ်ပါတယ်။ နောက်အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ရေးအတွက်လည်း ဘတ်ဂျက်မှာ လျာထားသုံးစွဲသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ရဲ့ ရသုံးခန့်မှန်းခြေ အခြေခံငွေစာရင်းကို နှိုင်းယှဉ်ပြီး တင်ပြလိုပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၁၉၀၁၀၂. ၈၇၁)သန်း သုံးစွဲခဲ့ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ကတော့ ကျပ်သန်းပေါင်း (၄၄၅၄၁. ၃၈၅)သန်း သုံးစွဲခဲ့ပါတယ်။ ဒါ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် အတည်ပြုပြီး ဘဏ္ဍာရေးစည်းမျဉ်း နှင့်အညီ ဥပဒေထုတ်ပြန်ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် (၂၃. ၄၃ %) ကျွန်တော်တို့ သုံးစွဲနိုင်ခဲ့ပါတယ်။ ၂၀၁၅-၁၆ ခုနှစ်၊ ရေးဆွဲထားတဲ့ အခြေခံငွေစာရင်းမှာ သာမန်အသုံးစရိတ် အနေနဲ့

ကျပ်သန်းပေါင်း(၉၁၂၆၀. ၅၉၄)သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ကို ကျပ်သန်းပေါင်း (၅၃၉၄၉. ၅၃၄) သန်း တိုးချဲ့သုံးစွဲသွားမှာ ဖြစ်တဲ့အတွက် ၂၀၁၅-၁၆ ခုနှစ်ရဲ့ ဘဏ္ဍာရေးနှစ်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး ပြည်နယ်ဘတ်ဂျက်ကနေ (၅၉. ၁၂%)ထိ တိုးမြှင့် သုံးစွဲသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ၂၀၁၄-၂၀၁၅ ခုနှစ်တုန်းက စုစုပေါင်းသုံးစွဲခဲ့တာ ကျပ်သန်းပေါင်း (၁၈၈၄၀၉. ၄၅၀)သန်း ဖြစ်ပါတယ်။ အတည်ပြုပြီး သုံးစွဲနေပြီ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက်ကို ကျပ်သန်းပေါင်း(၁၆၅၄၆၈. ၈၅၂)သန်း၊ ရာခိုင်နှုန်းအားဖြင့် (၈၇. ၈၂%) ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ သုံးစွဲခဲ့ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ယခု ၂၀၁၅-၁၆ ခုနှစ်၊ အခြေခံ လျာထားတဲ့ စာရင်းမှာ ငွေလုံးငွေရင်း အသုံးစရိတ်ကို ကျပ်သန်း ပေါင်း(၃၇၁၂၉၄. ၅၉၉)သန်းအထိ တိုးမြှင့်တောင်းခံထားတာ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ကျပ်သန်း ပေါင်း(၃၃၅၇၉၁. ၂၈၂)သန်း သုံးစွဲဖို့ လျာထားပါတယ်။ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ ပတ်သက်လို့ရှိရင် ရှမ်းပြည်နယ်အတွက် ၂၀၁၅-၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ (၉၀. ၄၄)ရာခိုင်နှုန်းအထိ တိုးမြှင့် သတ်မှတ်ပေးနိုင်ခဲ့ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ဒီငွေစာရင်းတွေ တင်ပြချက်အရ ရှမ်းပြည်နယ်ရဲ့ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအရ ရာခိုင်နှုန်းများစွာ သုံးစွဲထားနိုင်ကြောင်းကို ဒီနေ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များကို ဆွေးနွေးတင်ပြလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီနေ့ တက်ရောက်လာကြတဲ့သော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များ မိမိရဲ့ လွှတ်တော်မဲဆန္ဒနယ်တွေ၊ မိမိရဲ့နယ်မြေတွေ





ရေတင်လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ကျပ်သန်းပေါင်း (၁၇၉၂. ၇၈၅)သန်း လျာထားတာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့လည်း စံပြစိုက်ကွင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်ယူသုံးစွဲ နိုင်ရေးနှင့် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေ ဆောင်ရွက် နိုင်ရေးအတွက်လည်း စီမံသွားမှာ ဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာန ကနေပြီးတော့ အင်းလေးကန်ရေရှည်တည်တံ့ထိန်းသိမ်းရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပြုလုပ်သွားမှာ ဖြစ်ပါ တယ်။ အလားတူပဲ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နို့ပြုပြင် ထုတ်လုပ်ရေး စက်ရုံလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အရေးကြီးတဲ့ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူး ရေးလုပ်ငန်းမှ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ မြို့တွေ၊ ရွာတွေမှာ 11 KV/ 400V ဓါတ်အားလိုင်း၊ ထရန်စဖော်မာ ၊အစားထိုးရင်းနှီး မြှုပ်နှံမှုဖြစ်တဲ့ Line/ 11 KV တိုင်၊ 400V ဓါတ်အားလိုင်းတွေ လိုင်းကြိုးတွေ ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းနှင့်ပတ်သက်ပြီး ကျေးလက် မီးလင်းရေးလုပ်ငန်းတွေ အပါအဝင် ကျပ်သန်းပေါင်း (၄၁၁၅၂. ၀၈၁) သန်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်မှာ ကျွန်တော့်တို့ နောက်ဆက်တွဲ အနေနဲ့ ဖော်ပြထားတဲ့ ကျပ်သန်းပေါင်း(၄၀၀၀) ကျော်ဟာ အစိုးရအဖွဲ့အစည်းအဝေးမှာ အတည်မပြုသေးပဲ ပါသွား တဲ့ စာရင်းများဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အမှန်စာရင်း ကတော့ (၄၁၁၅၂. ၀၈၁)သန်း ဖြစ်ပါတယ်။ နောက်အလားတူပဲ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားပြိုင်ပွဲနှင့် အားက စားကွင်းများ တိုးချဲ့ပြင်ဆင် ဆောင်ရွက်နိုင်ရေးအတွက်လည်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ တောင်ကြီး၊ဟိုပုံး၊ မူဆယ်မြို့များမှာ ဌာနဆိုင်ရာဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာတွေဆောက်လုပ်နိုင်ရေး သုံးစွဲသွားမှာ ဖြစ်ပါ တယ်။ ယခုနှစ်မှာတော့ ကျွန်တော်တို့ လမ်းဦးစီးဌာန အနေနဲ့ ကတ္တရာ

ပြန်ရောက်လို့ရှိရင် လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ အသုံးစရိတ်သုံးစွဲနိုင်ရေး ညွှန်ကြားချက်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက(၉-၁၂-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၃၃၂၂/၃၀၂-ဘဏ္ဍာရေး ၁-၁၈(၃)/အဖရ(၂၀၁၄)အရ ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ်(၄၁)မြို့နယ်အတွက် တစ်မြို့နယ်ကို ကျပ်သိန်း(၁၀၀၀)နှုန်း ရန်ပုံငွေခွဲဝေရရှိပြီး ဖြစ်ပါတယ်။(၉)မြို့နယ် ကျန်နေဟာကိုလည်း ဆက်လက်တင်ပြတောင်းခံထားတာ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စနစ်တကျ ကြီးကြပ်စီမံသုံးစွဲနိုင်ရေးအတွက်လည်း လွှတ်တော်ကျင်းပပြီးမှ ဝင်လာတဲ့စာ၊ ရန်ပုံငွေစာရင်းကို တစ်ဆက်တည်း ဆွေးနွေး တင်ပြရခြင်း ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ လျာထားတဲ့ အသုံးစရိတ်တွေ၊ ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးပြုမယ့် Quick Win လုပ်ငန်းတွေအတွက် အကျိုးရှိစွာ သုံးစွဲသွားမည် ဖြစ်ပါကြောင်းနှင့် အသေးစိတ်စာရင်း ဖြန့်ဝေမှုများကိုလည်း ပေးပို့ဖြန့်ဝေထားပြီးဖြစ်တဲ့အပေါ်မှာ ဘဏ္ဍာရေးဝန်ကြီး မှလည်း ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်၏ ရှင်းလင်းပြောကြားချက်ကို မှတ်တမ်းတင်ခြင်း။

အစီအစဉ်(၇) ။ ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၄) ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားခြင်းကို ရှမ်းပြည်နယ်





ကျွန်တော့်အနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၄-၁၂-၂၀၁၄)ရက်နေ့မှာ အတည်ပြုပြီးတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေရဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များကနေ အပြုသဘောနဲ့ အကြံပြု ဆွေးနွေးခဲ့တဲ့ ဘတ်ဂျက်နှင့်ပတ်သက်ပြီး ပြန်လည်စိစစ်ပြီးတော့ ပြန်လည်တင်ပြမှာ ဖြစ်ပါတယ်။ နောင်လည်း ခုန ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးချုပ်ကနေ မြွက်ကြားတဲ့အထဲမှာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်နဲ့ သက်ဆိုင်ရာဝန်ကြီးနဲ့ သက်ဆိုင်ရာ ဦးစီးဌာနတွေကို တစ်ကြောင်းချင်း အသေးစိတ်စိစစ်ပြီးတော့ ပြန်လည်ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ လျှပ်စစ်လုပ်ငန်းမှာ စာရင်းထပ်နေတာနဲ့ ပြည်ထောင်စုဘတ်ဂျက်မှာ ပါဝင်နေတာ တစ်ချို့ရှိနေတဲ့အတွက် ဒါကို ပြန်လည်ပြီးတော့ စိစစ်ပြီး ရေးဆွဲထားပါတယ်။ ဒ့ါကြောင့်မို့လို့ ကျန်တဲ့ ဆည်မြောင်းဦးစီးဌာန၊ ပတလ၊ လမ်းဦးစီး၊ စည်ပင်သာယာရေးအဖွဲ့မှာတော့ ပြုပြင်စရာမရှိပါဘူး၊ ပေးဝေပြီးသား ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လျှပ်စစ်ကိုဘဲ ပြန်လည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေပေးထားပါတယ်။ နောက်တစ်ခုကတော့ ဒီ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ စာရင်းကိုလည်း ဖြန့်ဝေထားပေးပြီး ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ပါဝါပွိုင့်နဲ့ ဆက်လက်ပြီးတော့ တင်ပြသွား မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့(၄-၁၂-၂၀၁၄)ရက်နေ့မှာ အတည်ပြုပြီးတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေရဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကတော့ ယခုဖော်ပြပါအတိုင်း ရငွေသည်



D/real(wide) (1

ကျပ်သန်းပေါင်း(၃၈၁၆၆. ၆၆၆)သန်းဖြစ်ပါတယ်။သာမန်အသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၉၁၂၆၀. ၅၉၄)သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ လျာထားပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၃၇၁၂၉၄. ၅၉၉)သန်း သုံးစွဲသွားရန်အတွက် လျာထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စုစုပေါင်းအသုံးစရိတ်အနေနဲ့ ၂၀၁၅ -၂၀၁၆ ခုနှစ်မှာ ကျပ်သန်းပေါင်း (၄၆၂၅၅၅. ၁၉၃)သန်း သုံးစွဲသွားမှာ ဖြစ်တဲ့အကြောင်း ကျွန်တော်တို့ လျာထားတင်ပြထားပါတယ်။ လိုငွေအနေနဲ့ ကျပ်သန်းပေါင်း(၄၂၄၃၈၈. ၅၂၇)သန်း ဖြစ်မှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ စတုတ္ထနေ့မှာ လွှတ်တော် ကနေ အတည်ပြုပေးတဲ့ ကိန်းဂဏန်းဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ပြန်လည်ရေးဆွဲတဲ့ အခါမှာလည်း ဒီကိန်းဂဏန်းဘောင်အတွင်းမှာဘဲ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ လုပ်ငန်းများတိုးလာတဲ့အနေအထားနဲ့ ပိုမိုပြီး ဆောင်ရွက်နိုင်တဲ့ အနေအထားရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရ အသုံး ခန့်မှန်းခြေငွေစာရင်းအား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀(ခ)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေ ဆိုင်ရာ ပုဒ်မ ၅၈၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၃၄ တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းကို ပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြုပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့(၁-၁၂-၂၀၁၄)ရက်နေ့မှာ တင်သွင်း၍ ပြည်နယ် လွှတ်တော်မှ စတုတ္ထနေ့ (၄-၁၂-၂၀၁၄)ရက်နေ့မှာ အတည်ပြုပေးပြီး ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်မှ အတည်ပြုပြီးသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ဘဏ္ဍာငွေ အရအသုံး



D/real(wide) (1



လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၈)၊ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့
(၄-၁၂-၂၀၁၄)တွင် အတည်ပြုပြီးဖြစ်သည့်
ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-
၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊
ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်အား
ပြန်လည်တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အတည်ပြုပြီးဖြစ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်း ခြေငွေစာရင်း လျာထားချက်အား သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ပြန်လည်တင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ။**အားလုံး မင်္ဂလာပါခင်ဗျား- လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်း အဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ခန့်မှန်းခြေငွေစာရင်းအား ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနသို့ (၅-၁၂-၂၀၁၄)ရက်နေ့မှာ ပေးပို့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် မှာ ဆွေးနွေးအတည်ပြုပြီးတဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်များရဲ့ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွေကို ဒုတိယသမ္မတမှ စိစစ်တဲ့အချိန်မှာ ဘဏ္ဍာရေး ဝန်ကြီးဌာနက ရေးဆွဲတင်ပြထားတဲ့ ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများအတွက် ကာလလတ်ဘဏ္ဍာရေးမူဘောင်ကို အခြေခံလျက် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များသို့ ပြည်ထောင်စုကထောက်ပံ့ပေးသွင်းသည့် ထောက်ပံ့ငွေ ဘောင် အတွင်းဖြစ်စေရန် ညှိနှိုင်းစိစစ်သွားမည်ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ဖော်ပြပါဇယားကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေရဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် သာမန် အသုံးစရိတ်ဖြစ်ပါတယ်။ ကျွန်တော်တို့ သာမန်အသုံးစရိတ်ရဲ့ ငွေစာရင်းခေါင်းစဉ်တွေမှာ လစာစရိတ်ပါဝင်ပါမယ်။ ခရီးစရိတ် ပါဝင်ပါမယ်။ ပစ္စည်းနှင့်လုပ်အားပါဝင်ပါမယ်။ စက်သုံးဆီဖြစ်တဲ့ ဓါတ်ဆီ၊စက်ဆီ အသုံးစရိတ် ပါဝင်မှာ ဖြစ်ပါတယ်။ ပြင်ထိန်းနှင့် စီမံသုတေသနအတွက် ငွေစာရင်းခေါင်းစဉ်ပါပါမယ်။ လွှဲပြောင်း သုံးစွဲတဲ့ငွေပါပါမယ်။ ဧည့်ခံတဲ့ အသုံးစရိတ် ပါပါမယ်။ ပင်စင်၊ ရုပ်ရှင်စရိတ်တွေ ပါဝင်ပါမယ်။ ဒေသဖွံ့ဖြိုးရေးအတွက် သုံးတဲ့ စရိတ်တွေ ပါဝင်ပါမယ်။ အမှတ်စဉ်(၁)မှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သုံးစွဲတဲ့ လစာစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၁၀၈၅. ၉၉၆)သန်း ဖြစ်ပြီး၊ ခရီးစရိတ်ကတော့(ဝ. ၁၁၃)သန်းဖြစ်ပါတယ်၊ ပစ္စည်း/ လုပ်အားစရိတ်(၈၂. ၄၃၉)သန်း၊ ဓါတ်ဆီ/စက်ဆီ အသုံးစရိတ် (၁၀၂. ၃၈၀)သန်း၊ ပြင်/ထိန်းနှင့်စီမံသုတေသနအတွက် (၁၁၃. ၁၂၁)သန်း နှင့် လွှဲပြောင်းတဲ့ အသုံးစရိတ်(ဝ. ၁၀၀)သန်း၊





(၁၅. ဝဝ)သန်း သုံးစွဲမှာ ပါဝင်မှာဖြစ်ပြီး၊ စုစုပေါင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ကျပ်သန်းပေါင်း(၁၁၂၆၆. ၁၄၆)သန်း သုံးစွဲမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှာ ကျပ်သန်းပေါင်း(၂၀၆. ၇၆၈)သန်း သုံးစွဲမှာ ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ စုစုပေါင်းကျပ်သန်းပေါင်း (၂၃၆၂. ၉၄၅)သန်း သုံးစွဲမှာဖြစ်ပါတယ်။ သမဝါယမဦးစီးဌာန အနေနဲ့ သာမန်အသုံးစရိတ် စုစုပေါင်း(၉၉၄. ၂၉၁)သန်းသုံးစွဲမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အသေးစားစက်မှုလက်မှုယက္ကန်း ကျောင်းကနေ သုံးစွဲမည့် သာမန်အသုံးစရိတ်သည် (၈၇. ၂၉၈) သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ရေအရင်းအမြစ်ကတော့ (၂၂၀. ၄၉၇)သန်း သုံးစွဲမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သာမန်အသုံးစရိတ်(၄၀၆၄. ဝ၁၄)သန်းသုံးစွဲမှာဖြစ်ပါတယ်။ စက်မှုသီးနှံဖွံ့ဖြိုးရေးအနေနဲ့ (၄၅၇. ၉၄၆)သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ငါးလုပ်ငန်းအနေနဲ့ (၁၄၅. ၈၀)သန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ (၅၇၁. ၂၁၀)သန်း၊ သစ်တောဦးစီးဌာန အနေနဲ့ (၁၉၉၉. ၇၃၉)သန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနအနေနဲ့ (၆၄. ၂၆၉)သန်းသုံးစွဲသွားမှာဖြစ်ပါတယ်။ အမှတ်စဉ်(၁၈)မှာ အားကစားနှင့်ကာယပညာဦးစီးဌာနဖြစ် ပါတယ်။ စုစုပေါင်းသာမန်အသုံးစရိတ်အနေနဲ့(၇၅၂. ၂၆၃)သန်း သုံးစွဲသွားမှာဖြစ်ပါတယ်။ မြန်မာ့ဆားလုပ်ငန်းအနေနဲ့ (၂၂. ၆၂၇)သန်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနအနေနဲ့ (၁၇၄. ၂၆၅)သန်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေနဲ့ ကျပ်သန်း ပေါင်း(၁၄၅၄. ၁၅၃)သန်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးအတွက် (၄၀၃. ၂၃၇)သန်း၊ လမ်းဦးစီးအနေနဲ့ သာမန်အသုံးစရိတ်မှာ ဒေသ ဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း(၃၀၆၉၁. ၇၃၄)သန်း သုံးစွဲမှာဖြစ်တဲ့အတွက် စုစုပေါင်းကျပ်သန်းပေါင်း သာမန်

အသုံးစရိတ်သည် ကျပ်သန်းပေါင်း(၃၃၀၃၇. ၆၀၉)သုံးစွဲသွားမှာ ဖြစ်ပါတယ်။ကုန်တင်ကုန်ချလုပ်ငန်းအနေနဲ့ သာမန်အသုံးစရိတ် (၁၄. ၈၇၆)သန်းသုံးစွဲမှာဖြစ်ပါတယ်။ စည်ပင်သာယာရေး အနေနဲ့ လစာစရိတ်၊ ခရီးစရိတ်၊ပစ္စည်းလုပ်အားစရိတ်၊ ဓာတ်ဆီ၊စက်သုံးဆီ စသဖြင့် အားလုံးအပါအဝင် စုစုပေါင်းကျပ်သန်းပေါင်း သာမန်အသုံး စရိတ် (၅၇၅၇. ၂၁၈)သန်းသုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ ဒါကြောင့်မလို့ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ သာမန်အသုံး စရိတ် စုစုပေါင်းသည် ကျပ်သန်းပေါင်းဖော်ပြပါအတိုင်းပဲ ဒေသ ဖွံ့ဖြိုးရေးမှာ ကျပ်သန်းပေါင်း(၅၃၉၄၉. ၅၃၄)သန်း ပါဝင်မှာ ဖြစ်ပြီးတော့ စုစုပေါင်း သာမန်အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၉၁၂၆၀. ၅၉၄)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှင်းလင်းချက် အနေနဲ့ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း(၉၁၂၆၀. ၅၉၄)သန်း အနက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း (၅၃၉၄၉. ၅၃၄)သန်းသုံးစွဲတဲ့အတွက် ဒီအသုံးစရိတ်၏ (၅၉. ၁၁) % သုံးစွဲရန်လျာထားပြီးတော့ ကျန်တဲ့ အသုံးစရိတ်များအနက် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များ၊ဝန်ထမ်းလစာများ အတွက် ကျပ်သန်းပေါင်း (၂၄၅၆၃. ၄၂၆)သန်း တနည်းအားဖြင့် ဒီအသုံးစရိတ်၏(၂၆. ၉၂)%သုံးစွဲရန် လျာထားပါတယ်။ ကျန် အသုံး စရိတ်များသည် ဌာနအဖွဲ့အစည်းများရဲ့ စီမံအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ယခုတင်ပြမဲ့ ဇယားကတော့ ၂၀၁၅ - ၁၆ မှာငွေလုံးငွေရင်း အသုံးစရိတ်ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ် ခေါင်းစဉ် အောက်မှာ ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ရုံးဆောက်လုပ်ခြင်း ပါပါမယ်။ ဝန်ထမ်း အိမ်ရာဆောက်လုပ်ခြင်းပါပါမယ်။ ဖြည့်စွက်





ညှော်ခံတဲ့စရိတ်အနေနဲ့ (၅၅. ၇၆၈)သန်း၊ ပင်စင်/ရုပ်ရှင်အတွက် အသုံးစရိတ်(၃၁. ၇၉၉) သန်း ပါဝင်မှာ ဖြစ်ပါတယ်။ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် သာမန်အသုံးစရိတ်ကနေ သုံးစွဲမယ့် ငွေပမာဏကတော့ ကျပ်သန်းပေါင်း (၂၃၂၄၂. ၈၀၀) သန်းဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သာမန်အသုံးစရိတ် စုစုပေါင်းသည် ကျပ်သန်းပေါင်း(၂၄၇၁၄. ၅၃၆)သန်း ဖြစ်မှာ ဖြစ် ကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘဏ္ဍာရန်ပုံငွေ ထဲမှာ အစိုးရအဖွဲ့ပါဝင်ပါမယ်။ ဆည်မြောင်းပါဝင်ပါမယ်။ ဆည်မြောင်းမှာတော့ သာမန်အသုံးစရိတ်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အတွက် ကျပ်သန်းပေါင်း(၁၇၇၁၀. ၃၀၀)သန်း သုံးစွဲသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကုန်းမြင့်လယ်ယာအနေနဲ့ သာမန် အသုံးစရိတ်ထဲမှာဘဲ ကျပ်သန်းပေါင်း (၃၂. ၅၀၀)သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၂)မှာတော့ လွှတ်တော်ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်မှ လစာစရိတ်ကျပ်သန်းပေါင်း (၄၃၁. ၂၉၈)သန်း ပါဝင်မှာ ဖြစ်ပါတယ်။ ပစ္စည်း/လုပ်အားစရိတ် ပါဝင်မှာ ဖြစ်ပါတယ်။ ဓါတ်ဆီ/စက်ဆီ အသုံးစရိတ်နဲ့ ပြင်ထိန်းစီမံသုတေသနအသုံးစရိတ် ပါပါမယ်။ ညှော်ခံ စရိတ်ပါပါမယ်။ စုစုပေါင်းလွှတ်တော်အနေနဲ့ သာမန်အသုံးစရိတ်သည် ကျပ်သန်း ပေါင်း(၄၆၂. ၉၀၈)သန်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ တရားရုံး ဖြစ်ပါတယ်။ အားလုံးစုစုပေါင်းအသုံးစရိတ်အနေနဲ့ သာမန်အသုံး စရိတ်မှာ(၆၆. ၃၆၀)သန်း တရားရုံးများဖြစ်ပါတယ်။ ဥပဒေရုံးအနေနဲ့ (၆၀၈. ၈၇၅)သန်း ပါဝင်မှာဖြစ်ပါတယ်။ စာရင်းရုံးဖြစ်ပါတယ်။ ကျပ်သန်းပေါင်း စုစုပေါင်း သာမန်အသုံးစရိတ် (၁၃၄၉. ၆၇၁)သန်း ပါဝင်မှာဖြစ်ပါတယ်။နောက်တစ်ခုကတော့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဖြစ်ပါတယ်။ လစာအသုံး စရိတ်များ၊ ခရီးစရိတ်များ၊ လုပ်အားစရိတ်များအပြင် ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း

လုပ်ငန်းပါပါမယ်။ စက်ပစ္စည်းနှင့် ပရိဘောဂဝယ်ယူခြင်းပါပါမယ်။ မော်တော်ယာဉ်ဝယ်ယူခြင်းပါပါတယ်။ အခြားနဲ့ အဓိကကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သုံးစွဲဖို့ ဖော်ပြခြင်းဖြစ်ပါတယ်။ အမှတ်စဉ်(၁)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရုံးဆောက်လုပ်ခြင်းအတွက် ကျပ်သန်းပေါင်း (၃၆၇၆. ၆၃၀)သန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအသစ်ကို **(One Stop Service)** အနေနဲ့ ဆောင်ရွက်နိုင်အောင်ဆိုပြီးတော့ ရုံးအသစ်ဆောက်လုပ်မှာ ဖြစ်ပါတယ်။ ဖြည့်စွက်လုပ်ငန်းဖြစ်ပါတယ်။ စက် ပစ္စည်း ပရိဘောဂအနေနဲ့(၈၉. ၈၈၃)သန်းဖြစ်ပါတယ်။ ဒါလည်းကျွန်တော်တို့ **(E-Government)** အသုံးပြုမှာဖြစ်တဲ့အတွက် ဒီဘက်မှာ အလေ့ထားပြီးထည့်သွင်းဆောင်ရွက်ထားကြောင်း တင်ပြအပ်ပါတယ်။ မော်တော်ယာဉ်မှာ သုံးစွဲထားခြင်း မရှိပါဘူး။ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအနေနဲ့ ဒီငွေလုံးငွေရင်းအသုံးစရိတ်ထဲကနေ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘဏ္ဍာငွေမှ ကျပ်သန်းပေါင်း(၈၇၈၂၉. ၆၃၁)သန်း သုံးစွဲသွားမှာဖြစ်တဲ့အတွက် စုစုပေါင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ငွေလုံးငွေရင်းအသုံးစရိတ်သည် ကျပ်သန်းပေါင်း (၉၂၂၄၇. ၃၃၉)သန်း ဖြစ်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်ထဲမှာ အစိုးရအဖွဲ့ပါဝင်မယ်၊ ဆည်မြောင်းပါဝင်မယ်၊ ပတလ လို့ခေါ်တဲ့ အများသိတဲ့ နတလ လုပ်ငန်းဖြစ်ပါတယ်၊ ကုန်းမြင့်လယ်ယာ၊ စက်မှုလယ်ယာ၊ မြစ်ချောင်းဖြိုးပါဝင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေးထဲမှာ သုံးစွဲမဲ့ဟာကတော့ ကျပ်သန်းပေါင်း (၁၈၁၅၀. ၀၀)သန်း သုံးစွဲမှာဖြစ်ပါတယ်။ ဆည်မြောင်းအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ကျပ်သန်းပေါင်း (၂၈၀၄၀. ၀၀)သန်းသုံးစွဲသွားမှာဖြစ်ပါတယ်။ ပတလလုပ်ငန်းမှာကျပ်သန်းပေါင်း(၄၁၀၁၅. ၇၃၁)သန်းသုံးစွဲသွားမှာဖြစ်ပါတယ်။ ကုန်းမြင့်လယ်ယာအနေနဲ့ ဒေသဖွံ့ဖြိုးရေး





အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ကျပ်သန်း ပေါင်းငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့(၆၄၆၁. ၀၄၄)သန်း သုံးစွဲသွားမှာဖြစ်ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေနဲ့ ရုံးဆောက်လုပ်ခြင်းပါဝင်ပါမယ်။ ဝန်ထမ်းအိမ်ရာ ပါဝင်ပါမယ်။ ဖြည့်စွက်လုပ်ငန်း ပါဝင်ပါမယ်။ ဖြည့်စွက်လုပ်ငန်းသည် ပြီးခဲ့တဲ့(၁၀)% **R.E**မှာ (၁၀)%အဆောက်အဦအတွက်(၁၀)%ဘဲ တောင်းခံထားပြီး အခုကျန်တဲ့ (၉၀)%ကို တောင်းခံထားခြင်း ဖြစ်ပါတယ်။ ပရိဘောဂဖြစ်ပါတယ်။ မော်တော်ယာဉ်(၁)စီးပါဝင်မှာ ဖြစ်ပါတယ်။ စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်(၆၂၀. ၆၄၀)သန်း သုံးစွဲသွားမှာဖြစ်ကြောင်း လျာထားတင်ပြအပ်ပါတယ်။ မီးသတ်ဦးစီးဌာနဖြစ်ပါတယ်။ ရုံးဆောက်လုပ်ခြင်းပါဝင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာဆိုတာလဲ သီးသန့်မဟုတ်ဘဲနဲ့ မီးသတ်ရုံးတွေမှာ ဆောင်ရွက်တဲ့ အနေအထားဖြစ်ပါတယ်။ ဖြည့်စွက်လုပ်ငန်းဖြစ်ပါတယ်။ စက်ပစ္စည်း၊ ပရိဘောဂအနေနဲ့ (၄၀၇. ၇၇၀)သန်း ပါဝင်ပါတယ်။ မော်တော်ယာဉ်အနေနဲ့ ကျပ်သန်းပေါင်း(၃၃၀၅. ၀၀)သန်းဖြစ်ပါတယ်။ဒါဟာလည်း မီးသတ်ယာဉ်နဲ့ ရေသယ်ယာဉ်များ ဝယ်ယူခြင်း ဖြစ်ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း(၁၁၁၂၉. ၄၄၄)သန်း သုံးစွဲရန် လျာထားကြောင်းတင်ပြအပ် ပါတယ်။ သမဝါယမဦးစီးဌာနဖြစ်ပါတယ်။ ရုံးဆောက်လုပ်ခြင်း ပါဝင်ပါတယ်။ ဝန်ထမ်းအိမ်ရာပါဝင်ပါတယ်။ ဖြည့်စွက်လုပ်ငန်းပါဝင်ပါတယ်။စက်ပစ္စည်းပရိဘောဂပါဝင်ပါမယ်။ ယာဉ်မပါပါဘူး။ ပြင်ဆင်စရိတ်(၂. ၀၀)သန်း ထည့်သွင်းရေးဆွဲထားပါတယ်။ စုစုပေါင်း(၇၁၇. ၃၃၈)သန်း လျာထားကြောင်း တင်ပြအပ်ပါတယ်။ အသေးစား စက်မှုလက်မှုယက္ကန်းကျောင်း ဖြစ်ပါတယ်။ ရုံးဆောက်လုပ်ခြင်းပါဝင်ပါတယ်။ စက်ပစ္စည်းပရိဘောဂပါဝင်မှာ ဖြစ်ပါတယ်။ မော်တော်ယာဉ်(၁)စီးပါဝင်ပြီး

(၁၅. ၀၀)သန်း ထည့်သွင်းရေးဆွဲထားတဲ့အတွက် (၁၄၉. ၅၁၀) သန်း လျာထားရေးဆွဲပါကြောင်း တင်ပြအပ်ပါတယ်။ ရေအရင်းအမြစ်မှာ ဖြည့်စွက်လုပ်ငန်း၊ ပရိဘောဂနဲ့ အခြားဒေသဖွံ့ဖြိုးရေးပါဝင်မှာဖြစ်ပါတယ်။ ရေအရင်းအမြစ်မှာ ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း(၁၇၆၉. ၉၀၅)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း အသုံးစရိတ်သည် ကျပ်သန်းပေါင်း(၁၈၁၁. ၂၃၅)သန်း လျာထားကြောင်း တင်ပြအပ် ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနဖြစ်ပါ တယ်။ ရုံးဆောက်လုပ်ခြင်း ပါဝင်ပါတယ်။ ဝန်ထမ်းအိမ်ရာပါဝင်ပါတယ်။ ဖြည့်စွက်လုပ်ငန်း ပါဝင်ပါတယ်။ ပရိဘောဂ စက်ပစ္စည်း ပါဝင်ပါမယ်။ မော်တော်ယာဉ် ခွင့်ပြုထားခြင်းမရှိပါဘူး။ အခြားပါဝင်မှာဖြစ် ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း(၁၆၁၉. ၉၂၀)သန်း သုံးစွဲရန် လျာထားကြောင်း တင်ပြအပ်ပါတယ်။ စက်မှုသီးနှံဖွံ့ဖြိုးရေးဖြစ်ပါတယ်။စုစုပေါင်းကျပ်သန်းပေါင်း(၁၃၄. ၈၇၀)သန်းဖြစ်ပါတယ်။ ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ကျပ်သန်းပေါင်း(၁၇၇. ၅၇၀)သန်း သုံးစွဲသွားမှာဖြစ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေနဲ့ (၂၃၁. ၅၈၀)သန်း၊ သစ်တောဦးစီးဌာန အနေနဲ့ ရုံးဆောက်လုပ်ခြင်း ပါဝင်ပါတယ်။ ဝန်ထမ်းအိမ်ရာ ပါဝင်တယ်။ ဖြည့်စွက်လုပ်ငန်း ပါဝင်ပါတယ်။ စက်ပစ္စည်းပရိဘောဂပါဝင်ပါတယ်။ ယာဉ်ကတော့ သိမ်းဆည်း ထားတဲ့သစ်တွေကို သယ်နိုင်အောင် ဆိုပြီးတော့ (၁)စီး သန်း(၂၀)ထည့်သွင်း လျာထားပါတယ်။ စုစုပေါင်း (၂၉၉. ၀၅၅) သန်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေနဲ့တော့ ဦးစီးဌာနအသစ် ဒီနှစ်မှာ ပါဝင်တဲ့အတွက် လာမည့်နှစ်မှာ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာပါဝင်ပါမယ်။ စက်ပစ္စည်းပရိဘောဂပါဝင်တဲ့အတွက် စုစုပေါင်း (၄၈၉. ၀၂၉)သန်း ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ဝန်ကြီးဌာန





လုပ်ငန်းအတွက် ကျပ်သန်းပေါင်း(၁၃၇)သန်း စက်မှုလယ်ယာအနေနဲ့ ကျပ်သန်းပေါင်း(၂၂၀)၊ မြစ်ချောင်းဖြိုးအနေနဲ့ ကျပ်သန်းပေါင်း (၂၆၆. ၉၀)သန်း သုံးစွဲသွားမှာဖြစ်ပါတယ်။ အမှတ်စဉ်(၂)အနေနဲ့ကတော့ ရှမ်းပြည်နယ်လွှတ်တော်ဖြစ်ပါတယ်။ ဒီနေရာမှာ ရုံးဆောက်လုပ်ခြင်းပါဝင်မှာဖြစ်ပါတယ်။ ကျပ်သန်းပေါင်း(၃၈၀၀) လျာထားပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံး အသစ်ဆောက်လုပ်မှာဖြစ်ပါတယ်။ မော်တော်ယာဉ်အနေနဲ့ နှစ်စီး (၆၅)သန်းထည့်သွင်းရေးဆွဲထားပါတယ်။ စုစုပေါင်းလွှတ်တော်ရဲ့ငွေလုံးငွေရင်း အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၃၈၆၅. ၀၀)သန်း ဖြစ်မှာဖြစ်ပါတယ်။ ဥပဒေရုံးဖြစ်ပါတယ်။ ရုံးဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ၊ စက်ပစ္စည်း၊ ပရိဘောဂပါဝင်မှာ ဖြစ်ပါတယ်။ မော်တော်ယာဉ်အနေနဲ့ သန်း(၁၀၀)ထည့်သွင်းရေးဆွဲထားပေးပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း(၄၂၆. ၁၄၀) သန်း ဥပဒေရုံးကနေသုံးစွဲသွားမှာဖြစ်ပါတယ်။စာရင်းစစ်ရုံးအနေနဲ့ ရုံးဆောက်လုပ်ခြင်းအတွက် (၁၉၉. ၈၈၀)သန်း၊ ဝန်ထမ်းအိမ်ရာအတွက်(၄၄၂. ၉၆၅)သန်း၊ ဖြည့်စွက်လုပ်ငန်းမရှိပါဘူး။ စက်ပစ္စည်းပရိဘောဂအနေနဲ့ (၂၈. ၆၂၁)သန်းနဲ့ ယာဉ်အတွက် (၁၁၇. ၀၀)သန်းပါဝင်တဲ့အတွက် စုစုပေါင်းစာရင်းရုံးအနေနဲ့ ငွေလုံးငွေရင်း အသုံးစရိတ်(၇၈၈. ၄၆၆) သန်း သုံးစွဲသွားမှာဖြစ်ကြောင်း လျာထားပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနဖြစ်ပါတယ်။ ရုံးဆောက်လုပ်ခြင်းပါဝင်ပါမယ်။ ဝန်ထမ်းအိမ်ရာဆောက်လုပ်တာပါပါမယ်။ ဖြည့်စွက်လုပ်ငန်းပါပါတယ်။ ဖြည့်စွက်လုပ်ငန်းသည် ကျွန်တော်တို့ ပြီးခဲ့တဲ့ ယခုနှစ်မှာ ဆောင်ရွက်တဲ့ အဆောက်အဦးလုပ်ငန်းမှာ ငွေမလုံလောက်တဲ့အတွက် ထပ်မံပြီး ဖြည့်စွက်ပြီးတော့ တင်ပြတောင်းခံသွားခြင်းဖြစ်ပါတယ်။စက်ပစ္စည်း ပရိဘောဂဖြစ်ပါတယ်။ ယာဉ်မပါပါဘူး။ စုစုပေါင်း

အနေနဲ့ ဒေသဖွံ့ဖြိုးရေးမှာပဲ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ငွေလုံး
ငွေရင်းအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၄၁၁၅၂. ၂၃၈) သန်း
သုံးစွဲမှာဖြစ်ပါတယ်။ ဖြည့်စွက်ပြီးတော့ ယခင်ကတင်ပြထားတဲ့
ကိန်းဂဏန်းမပါဝင်ကြောင်း တင်ပြအပ်ပါတယ်။ အားကစားနှင့်
ကာယပညာဦးစီးဌာနဖြစ်ပါတယ်။ စက်ပစ္စည်းနဲ့ ဒေသဖွံ့ဖြိုးရေး
လုပ်ငန်းပါဝင်မှာ ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ကျပ်သန်းပေါင်း
(၄၃၉၇. ၈၆၄)သန်းဖြစ်တဲ့အတွက် စုစုပေါင်း ကျပ်သန်းပေါင်း
(၄၄၀၂. ၈၇၄)သန်း ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးနေရာမှာ
အားကစားကွင်းတွေကို ပြုပြင်ခြင်း၊ လမ်း၊ အားကစားလမ်း၊
ပြေးလမ်းတွေ ဖောက်လုပ်ခြင်း ပါဝင်သွားမှာဖြစ်ပါတယ်။ ရသုံး
ခန့်မှန်းခြေငွေစာရင်းဦးစီးဌာနဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာပါဝင်
ပါမယ်။ ဖြည့်စွက်လုပ်ငန်းနဲ့ စက်ပစ္စည်း ပရိဘောဂပါပါတယ်။ယာဉ်
တွေ နဲ့ အခြားမပါဝင်ပါဘူး။(၁၃၂. ၄၉၅)သန်း သုံးစွဲသွားမှာဖြစ်ပါ
တယ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဖြစ်ပါတယ်။ မော်တော်ယာဉ်
အတွက်ပြင်ဆင်ထိန်းသိမ်းတဲ့စရိတ်(၁၅. ၀၀)သန်း ထည့်သွင်းရေးဆွဲ
ထားပါတယ်။ ကျပ်သန်းပေါင်း(၁၃၄၆. ၄၁၀)သန်း သုံးစွဲသွားမှာ
ဖြစ်ကြောင်း လျာထားတင်ပြအပ်ပါတယ်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး
ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ်သန်းပေါင်း
(၂၁၄၈. ၀၄၈၀)သုံးစွဲသွားမှာဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာတွေ
အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လမ်းဦးစီးအနေနဲ့ ရုံးဆောက်
လုပ်ခြင်းပါဝင်ပါမယ်။ ဝန်ထမ်းအိမ်ရာပါဝင်ပါမယ်။ ဖြည့်စွက်
လုပ်ငန်းပါဝင်ပါမယ်။ မော်တော်ယာဉ်ပါရှိခြင်းမရှိပါဘူး။ အခြားနဲ့
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို လမ်းဦးစီးဌာနအနေနဲ့ ငွေလုံးငွေရင်း
အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၁၉၁၅၆၇. ၅၈၂)သန်း သုံးစွဲမှာ
ဖြစ်တဲ့အတွက် လမ်းဦးစီးအနေနဲ့ ငွေလုံးငွေရင်း အသုံးစရိတ်
စုစုပေါင်း ကျပ်သန်းပေါင်း(၁၉၄၀၀၅. ၂၈၃)သန်း သုံးစွဲရန် လျာထား



D/real(wide) (1



ပါဝင်တဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ငွေလုံးငွေရင်း
အသုံးစရိတ်ကျပ်သန်းပေါင်း(၄၁၁၅၂. ၂၃၈)သန်းနှင့်
သက်ဆိုင်သော လုပ်ငန်းများတွင် လုပ်ငန်းများ ထပ်နေခြင်းအတွက်
ပြန်လည်စိစစ်ခြင်း၊ ပြည်ထောင်စု ဘတ်ဂျက်မှာ ပါဝင်ပြီးဖြစ်တဲ့
လုပ်ငန်းရပ်များအား ပြန်လည်လျှော့ချခြင်း၊ဓာတ်အားလိုင်း မိုင်နှင့်
ဈေးနှုန်းများ ပြန်လည်စိစစ်ခြင်းများ ဆောင်ရွက်၍ ရှမ်းပြည်နယ်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၅-၂၀၁၆ ခု
ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း
(၄၁၁၅၂. ၂၃၈)သန်းအား ပြန်လည် တင်ပြ အပ်ပါတယ်။
ဒါကတော့ ကျွန်တော်တို့ နှိုင်းယှဉ်ဖော်ပြတဲ့အနေအထား
ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်း
ခြေငွေစာရင်းနဲ့ ၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ်ခန့်မှန်း
ခြေငွေစာရင်း နှိုင်းယှဉ်ချက် ဖြစ်ပါတယ်။ ၂၀၁၄- ၂၀၁၅ ခု ယခု
ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံးစရိတ်အနေနဲ့ ပြုပြင်ပြီး ခန့်မှန်းခြေ
ဖြစ်ပါတယ်။ စတင်သုံးစွဲနေပါပြီ။ စတင်ပြီး သုံးစွဲလျက်ရှိနေပါတယ်။
သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၁၉၀၁၀၂. ၈၇၁)သန်း
သုံးစွဲမှာ ဖြစ်ပြီးတော့၊ အဲဒီထဲမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက်
ကျပ်သန်းပေါင်း (၄၄၅၄၁. ၃၈၅)သန်း သုံးစွဲမှာ ဖြစ်တဲ့အတွက်
သာမန်အသုံးစရိတ်၏(၂၃. ၄၃)% သုံးစွဲသွားမှာဖြစ်ပါတယ်။
ဒါနဲ့နှိုင်းယှဉ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ရသုံးခန့်မှန်းခြေ လျာထားတဲ့
ငွေစာရင်းမှာ သာမန်အသုံးစရိတ်ကိုသုံးစွဲမည့် ကျပ်သန်းပေါင်း
(၉၁၂၆၀. ၅၉၄)သန်း ဖြစ်ပြီးတော့ အဲဒီအထဲမှာ ဒေသဖွံ့ဖြိုးရေး
အတွက် ကျပ်သန်းပေါင်း(၅၃၉၄၉. ၅၃၄)သန်းသုံးစွဲမှာဖြစ်တဲ့
အတွက် ရာခိုင်နှုန်းအနေနဲ့ သာမန်အသုံးစရိတ်၏ (၅၉. ၁၁)%

တိုးပြီးတော့ သုံးစွဲထားတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ထိုနည်းတူစွာပဲ ၂၀၁၄-၂၀၁၅ခုနှစ်ပြုပြင်ပြီးခန့်မှန်းခြေမှာ ငွေလုံးငွေရင်းအသုံးစရိတ်သုံးစွဲသည့် အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၁၈၈၄၀၉. ၄၅၀)သန်းထဲကနေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျပ်သန်းပေါင်း(၁၆၅၄၆၈. ၈၅၂)သန်း သုံးစွဲတဲ့အတွက် ငွေလုံးငွေရင်းအသုံးစရိတ်၏(၈၇. ၈၂)% သုံးစွဲသွားမှာ ဖြစ်ပါတယ်။ နှိုင်းယှဉ်ချက်အနေနဲ့၂၀၁၅-၂၀၁၆ခုနှစ်ရသုံးခန့်မှန်းခြေလျာထားတဲ့ စာရင်းမှာငွေလုံး ငွေရင်း အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၃၇၁၂၉၄. ၅၉၉)သန်း သုံးစွဲမှာဖြစ်ပါတယ်။အဲဒီအထဲကနေ ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း(၃၃၅၇၉၁. ၂၈၂)သန်း သုံးစွဲမှာဖြစ်တဲ့အတွက် ငွေလုံးငွေရင်းအသုံးစရိတ်၏ (၉၀. ၄၄)%ကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သုံးစွဲကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့(၄-၁၂-၂၀၁၄) ရက်နေ့မှာ အတည်ပြုပြီးတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဖြစ်တဲ့ ရငွေကျပ်သန်းပေါင်း (၃၈၁၆၆. ၆၆၆)သန်း၊ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၉၁၂၆၀. ၅၉၄)သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၃၇၁၂၉၄. ၅၉၉)သန်းဖြစ်တဲ့အတွက် ကျွန်တော်တို့ လာမည့် ၂၀၁၅-၂၀၁၆ လျာထားတဲ့စုစုပေါင်းအသုံးစရိတ်သည် သန်းပေါင်း(၄၆၂၅၅၅. ၁၉၃)သန်းဖြစ်တဲ့အတွက် လိုငွေအနေနဲ့ ကျပ်သန်းပေါင်း(၄၂၄၃၈၈. ၅၂၇)သန်းဖြစ်ကြောင်း ပြည်နယ်လွှတ်တော်သို့ ပြန်လည်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





ပါကြောင်း တင်ပြအပ်ပါတယ်။ စည်ပင်သာယာရေးအနေနဲ့ စက်ပစ္စည်း ပါဝင်ပါမယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျပ်သန်းပေါင်း(၆၉၀၃. ၁၉၆)သန်း သုံးစွဲသွားမှာဖြစ်တဲ့အတွက် စုစုပေါင်း ကျပ်သန်းပေါင်း(၆၉၂၄. ၉၄၂)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း အသုံးစရိတ်မှာ ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း(၃၃၅၇၉၁. ၂၈၂)သန်း ပါဝင်သုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှင်းလင်းချက်အနေနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း (၃၇၁၂၉၄. ၅၉၉)သန်းအနက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျပ်သန်းပေါင်း (၃၃၅၇၉၁. ၂၈၂)သန်း တစ်နည်းအားဖြင့် အသုံးစရိတ်၏ (၉၀. ၄၄)% သုံးစွဲရန် လျာထားပြီး ဌာန၊ အဖွဲ့အစည်းများရဲ့ ရုံးဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် ဖြည့်စွက်လုပ်ငန်းများအတွက် ကျပ်သန်းပေါင်း(၃၀၄၆၀. ၅၉၇)သန်း တစ်နည်းအားဖြင့် (၈. ၂၀)% သုံးစွဲထားပါတယ်။ စက်ပစ္စည်း ပရိဘောဂယာဉ်နှင့် အခြားလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း (၅၀၄၂. ၇၂၀)သန်း သုံးစွဲမှာ ဖြစ်တဲ့ အတွက် ရာခိုင်နှုန်းအနေနဲ့ အသုံးစရိတ်၏(၁. ၃၆)% သာရှိကြောင်း တင်ပြအပ်ပါတယ်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း(၄၁၁၅၂. ၂၃၈)သန်းမှာ အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တိုးချဲ့လုပ်ငန်းများနှင့် ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်မည့် လုပ်ငန်းများပါဝင်ကြောင်း တင်ပြအပ်ပါတယ်။ ထပ်နေသည့် လုပ်ငန်းများ ကွာဟနေတဲ့ လုပ်ငန်းတစ်ခုနှင့်တစ်ခုက တူနေပြီးတော့ ငွေပမာဏ ကွာနေတဲ့ဟာကိုလည်း အကုန်လုံး အသေးစိတ် စိစစ်ပြီးတော့မှ ပြန်လည်ဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့အတည်ပြုချက်မှာ

## ၃၇

### ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ မူလရသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဥ်း၍ ၂၀၁၄ ခုနှစ်၊ **ဒီဇင်ဘာလ(၁၉)ရက်နေ့ သောကြာနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ မိမိ ဆွေးနွေးမည့် အကြောင်းအရာနှင့်တကွ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။**



D/real(wide) (1



## ၃၉

# ရှမ်းပြည်နယ်

# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

# အရေးပေါ်အစည်းအဝေး (၁/၂၀၁၄)

# (ဒုတိယနေ့) မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆုတ်(၁၃)ရက်**

**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်**

**[ သောကြာနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄)(ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအကဲက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား ။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂)ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၇၉ ဒသမ ၁၄ )% ရှိပြီး၊



D/real(wide) (2



## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၄) ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ ၁၉ ရက်နေ့ သောကြာနေ့၊ နံနက်(၁၀၀၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခင်ဗျား-ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ဒုတိယနေ့ အစီအစဉ်များကို ဒီဇင်ဘာ လ(၁၉)ရက်နေ့၊ သောကြာနေ့ နံနက်(၁၀၀၀)နာရီမှာ စတင်ကျင်းပမှာ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ (ခ) အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။





ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိတဲ့ အတွက် ကင်းလွတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထား တင်ပြလာမှုအပေါ် တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ် ပါတယ်။

(၁) ဦးစိုင်းအိုက်ပေါင်း၊ သိန်းနီမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၁)ရက်

(၂) ဦးစိုင်းသန်းမောင်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၁)ရက်

(၃) ဦးဇော်ဦး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ နေမကောင်းပါသဖြင့် ခွင့်(၁)ရက်

(၄) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၁)ရက်

(၅) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၁)ရက်

(၆) ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၁)ရက်

(၇) ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၁)ရက်

(၈) ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၁)ရက်

(၉) ဦးထူးကိုကို၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိသဖြင့် ခွင့် (၁)ရက် ဒီနေ့ ထပ်မံခွင့်လျှောက်ထားသူ(၉)ဦး ရှိပါကြောင်း တင်ပြအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးရှိပြီး စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ၊ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။( သုံးကြိမ်တိုင်တိုင် မေးပါသည်၊ လွှတ်တော်က သဘောတူပါသည် )



D/real(wide) (2



## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ဒုတိယနေ့သို့ တက်ရောက်လာကြသည့်** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) (ဒုတိယနေ့)သို့ အကြောင်း အမျိုးမျိုးနဲ့ တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၂၉)ဦးအား လွှတ်တော်

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်တင်ပြသော ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ၏၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး အမည်စာရင်းပေးသွင်းထားပါတယ်။ ဒါကြောင့် မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစောလုံက စတင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းစောလုံ၊မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဒီအစည်းအဝေးခန်းမအတွင်း တက်ရောက်လာကြသော ပုဂ္ဂိုလ်ကြီးများအားလုံး လိုအင်ဆန္ဒကောင်းများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လျှပ်စစ်





ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါသည်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ခ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ကျွန်တော်ဆွေးနွေးတင်ပြလိုတာကတော့ ရှမ်းပြည်နယ်အစိုးရမှ တင်သွင်းထားတဲ့၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ရေးဆွဲတင်သွင်းထားတဲ့ လျှပ်စစ်ဘတ်ဂျက်နှင့်ပတ်သက်၍ အနည်းငယ်ဆွေးနွေးတင်ပြလိုပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၅-၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်အစိုးရမှ ရေးဆွဲတင်သွင်းထားတဲ့ လျှပ်စစ်ဘတ်ဂျက်တွင် ရှမ်းရှေ့၊ ရှမ်းတောင်၊ ရှမ်းမြောက် မြို့နယ်အသီးသီးစုံစုံလင်လင်ရေးဆွဲထားသည်ကို ကြည့်ခြင်းအားဖြင့် ဝမ်းမြောက်စွာဖြင့် အားရမိပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ကျွန်တော်တို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ အမှတ် (၂)ရပ်ကွက်တွင် ရွှေလီမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်၍ (၈-၃-၂၀၁၄)ရက်နေ့တွင် မေးခွန်းမေးမြန်းခဲ့ပါတယ်။ ၄င်းကိစ္စရပ်နှင့်ပတ်သက်၍၊ ရှမ်းပြည်နယ်အစိုးရ သက်ဆိုင်ရာ ဝန်ကြီးမှ မန်တုံမြို့သို့ (၁-၁၁-၂၀၁၁) ရက်နေ့မှစ၍ ၃၃ကေဗွီ ဓါတ်အားလိုင်း (၂၈)မိုင်၊ ၃၃/၁၁ ကေဗွီ (၁. ၂၅)ကေဗွီအေ ထရန်စဖော်မာဖြင့် ဓါတ်အားစနစ်မှ စတင်၍ ဓါတ်အားဖြန့်ဖြူးပေးထားပါသည်။



D/real(wide) (2

မန်တုံမြို့ပေါ် မြို့မရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်(ဟိုခို)သို့ ၁၁ကေဗွီ ဓါတ်အားလိုင်း (၂)မိုင်၊ ၁၁/၀. ၄ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ(၂)လုံး၊ ၄၀၀ ဗို့ဓါတ်အားလိုင်း (၂)မိုင်ဖြင့် ဓါတ်အားဖြန့်ဖြူးပေးထားပါသည်။ ဒါကြောင့် မန်တုံမြို့၊ အမှတ်(၁)ရပ်ကွက်တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးရန်အတွက် ၁၁ ကေဗွီဓါတ်အား လိုင်း (၁. ၅)မိုင်၊ ၁၁/၀. ၄ ကေဗွီအေ ၂၀၀ကေဗွီ ဓါတ်အားခွဲရုံ(၁)ရုံနှင့် ၄၀၀ဗို့ ဓါတ်အားလိုင်း(၂)မိုင် တည်ဆောက်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မန်တုံမြို့၊ အမှတ်(၁)ရပ်ကွက်အား ရွှေလီမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးအတွက် အထက်ပါလုပ်ငန်းများအား ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက စီစဉ်ပေးနိုင်မည့် ကာလအချိန်ကို စိစစ်၍ ပြန်ကြားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်မှာ မိဘပြည်သူများမှ ဝမ်းမြောက်စွာဖြင့် မျှော်လင့်တောင်းတနေမိပါတယ်။ သို့ပါသော်လည်း ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ရေးဆွဲတင်ပြခဲ့သော လျှပ်စစ်ဘတ်ဂျက်ထဲတွင် ရေးဆွဲထည့်သွင်းထားခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် မန်တုံမြို့၊ အမှတ်(၁)ရပ်ကွက် လျှပ်စစ်ဓါတ်အားသွယ်တန်းပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ် လျှပ်စစ်ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲရန် ကျန်ရှိနေသည်ကို လေ့လာတွေ့ရှိ ရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် လျှပ်စစ်ဘတ်ဂျက်တွင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ မန်တုံမြို့၊ အမှတ်(၁)ရပ်ကွက်တွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် လျှပ်စစ်ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲပေးနိုင်ပါရန် မိဘပြည်သူများ၏



D/real(wide) (2



ကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးခွင့်ပြုပေးသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါသည်။ ရှမ်းပြည်နယ်လွှတ်တော် ပထမအကြိမ် တတိယပုံမှန် အစည်းအဝေး တတိယနေ့တွင် ကျွန်တော် ဦးစိုင်းစောလုံ၊ မိုးနဲမဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှ မိုးနဲမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် ဧရိယာ အတွင်းရှိ သစ်သားလျှပ်စစ်ဓါတ်အားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို တင်သွင်းခဲ့ပါသည်။

ပြည်နယ်လျှပ်စစ်ဝန်ကြီးမှလည်း ပြည်ထောင်စုဘတ်ဂျက် ရရှိမှုပေါ်မူတည်၍ တစ်ခြားမြို့နယ်များနည်းတူ ဆောင်ရွက်ပေးပါမည်ဟု ပြန်လည်ဖြေဆိုထားပြီး ဖြစ်ပါသည်။ မေးခွန်းတင်သွင်းချိန် (၂၉-၂-၂၀၁၂)မှ ယနေ့ (၁၉-၁၂-၂၀၁၄)အချိန်အထိ ဓါတ်အားတိုင်များအား အစားထိုးဆောင်ရွက်လျှာထားပေးခြင်းမရှိသေးပါ။ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်၏ လုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များအား ရှမ်းပြည်နယ်အစိုးရသို့ တင်ပြထားပြီးဖြစ်၍ မူလရန်ပုံငွေတောင်းခံမှုတွင် ပါဝင်မှုမရှိနိုင်သော်လည်း ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်မှုရန်ပုံငွေရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါသည်။ လိုအပ်သောတိုင်အရေအတွက်မှာ (၁၂၀)လုံး ဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ။ ဆက်လက်ပြီး မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအိုက်ခ** က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ခ၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်

ကိုယ်စားရှိသေလေးစားစွာဖြင့် ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီကနေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)မှာ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်မ ဒေါ်အေးချိုစိန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် လျာထားသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကဏ္ဍကို အနည်းငယ်ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင် ဒီကနေ့ ကျွန်မဆွေးနွေးမယ့် အကြောင်းအရာများကို နားနဲ့မနာဘဲ နှလုံးသားနဲ့ နာပေးဖို့ကိုလည်း ပထမဦးစွာ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်မရဲ့ပုဂ္ဂလခံစားချက်ကို ဆွေးနွေးတင်ပြခြင်းမဟုတ်ဘဲ ရှမ်းပြည်နယ်က မိဘပြည်သူများရဲ့ ခံစားချက်၊ ရပိုင်ခွင့်၊ သာတူညီမျှမှုကို အခြေခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့ကို နစ်နာစေလိုတဲ့ ရည်ရွယ်ချက်တစ်စုံတစ်ရာမပါဝင်ဘဲ သိယ်သူ့သမီး ကျောက်စာမှာပါဝင်တဲ့ သိယ်သူ့သမီး စိတ်နေသဘောထားအတိုင်း အကြင်သူတစ်ဦးတစ်ယောက်ကိုမှ မြူမှုံအမြတ်တစ်စေ့သော်မျှမရှိ ချစ်သော မျက်စိဖြင့် သာကြည့်ရာ၏ ဆိုတဲ့ အတိုင်းပါဘဲ





အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရ၏ တင်ပြချက်မှာပါရှိတဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ထောင်စုက ထောက်ပံ့ပေးသည့် ပုံစံကို ပိုမိုမျှတပြီး ပကတိအခြေအနေနှင့် ကိုက်ညီသည့်ပုံစံဖြင့် ထောက်ပံ့နိုင်ရန် အခြေခံစဉ်းစားရမည့် အချက်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူဦးရေ၊ ဆင်းရဲမှုနှုန်း၊ ဂျီဒီပီ တို့ကို အခြေခံ၍ ထောက်ပံ့ခွဲဝေပေးသွားမည်ဖြစ်သည်ဟု ဖော်ပြပါရှိပါတယ်။ သို့သော်လည်း ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် လျာထားတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ခြုံငုံသုံးသပ်တဲ့အခါ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် လျာထားရန်ပုံငွေဟာ အင်မတန်မှ နည်းပါးနေတာကို တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း ပထမ၊ ဒုတိယ၊ တတိယ ဦးစားပေးလုပ်ငန်း (၃)ရပ်လုံးပေါင်းရင်တောင်မှ ကျပ်သန်းပေါင်း (၁၇၅၅. ၀၇၅)ဘဲရှိပါတယ်။ မြို့နယ်(၃)မြို့နယ်ဘဲရှိတဲ့ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြို့နယ်(၂)မြို့နယ်ဘဲရှိတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရဲ့ ပထမဦးစားပေးလုပ်ငန်း လျာထားငွေထက် အင်မတန်နည်းပါးနေတာကို တွေ့ရှိရပါတယ်။ အထက်မှာဖော်ပြခဲ့သလို ဒေသအသီးသီးရှိ လူဦးရေ၊ ဆင်းရဲမှုနှုန်း၊ ဂျီဒီပီတို့ကို အခြေခံပြီးတွက်ချက်ရန် လိုအပ်တယ်ဆိုတာ သိရှိရပါတယ်။ ဒါမှမဟုတ် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်(၉)မြို့နယ်စလုံးဟာ ကျန်သော ရှမ်းပြည်နယ် မြို့နယ်များအားလုံးထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေပြီလား၊ လူဦးရေနည်းနေလို့လား၊ ဆင်းရဲတဲ့ပြည်သူလူထုမရှိသလောက်ဖြစ်နေပြီလား ၊ ဒါမှမဟုတ် လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်တဲ့ နေရာ ဒေသကိုဘဲ ဆောင်ရွက်လိုသလားဆိုတာကို စဉ်းစားစရာဖြစ်နေပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်

အရှေ့ပိုင်းအတွက် လျာထားရန်ပုံငွေကို ပြန်လည်သုံးသပ်ရေးဆွဲသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် ဆက်လက်ပြီး တတိယအချက်အနေဖြင့် ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် လျာထားတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းထဲမှ ရှမ်းပြည်နယ်တောင်ပိုင်းတစ်ခုလုံးရဲ့ လျာထားငွေ၊ လျာထားဘဏ္ဍာငွေ စုစုပေါင်း ကျပ်သန်းပေါင်း(၁၀၂၁၆. ၈၀၅)ထဲတွင်မှ ဖယ်ခုံမြို့နယ် ရေရရှိရေးအတွက် လျာထားတဲ့ငွေ ကျပ်သန်း(၃၇. ၅၀)သာ ရရှိတဲ့ကိစ္စကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း(၁၆)မြို့နယ်လုံးကို အချိုးကျ လျာထားရင် တစ်မြို့နယ်ကို ကျပ်သန်းပေါင်း(၆၃၈. ၅၅)ကျော်ရရှိမှာ ဖြစ်ပါတယ်။ သို့သော် အမှန်တကယ် ဖယ်ခုံမြို့နယ်ထက် လိုအပ်တဲ့မြို့နယ်များကို ပိုမိုလျာထားပေးထားကို အငြင်းပွားဖွယ်ရာ မရှိသော်လည်း ဖယ်ခုံမြို့နယ်သည် တောင်ကြီးခရိုင်၏ ဂျီဒီပီအနိမ့်ဆုံးမြို့နယ်ဖြစ်တဲ့အတွက် လက်ရှိလျာထားငွေ၏ အနည်းဆုံး (၁၀)ဆရရှိသင့်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ နောက်ဆုံးအနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄)ပထမနေ့က ဆွေးနွေးတဲ့ လျှပ်စစ်ကဏ္ဍ၊ ဘဏ္ဍာငွေပြန်လည် လျာထားတင်ပြရာမှာ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ ထင်းရှူးကုန်းကျေးရွာဓါတ်အားရရှိရေးအတွက် ပထမဦးစားပေးအမှတ်စဉ်(၁၀၈)မှာ ထည့်သွင်းရေးဆွဲထားပြီး BEဘတ်ဂျက်တိုးချဲ့ရင်းနှီးမြှုပ်နှံမှု ဒုတိယ ဦးစားပေးလုပ်ငန်းအမှတ်စဉ်(၃၈)မှာလည်း ပြန်လည်ရေးဆွဲထားတာကို ထပ်မံလျာထားတာကို တွေ့ရှိရပါတယ်။ မိုးဗြဲအရှေ့ခြမ်းမှာ လျှပ်စစ်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး





အများရဲ့အကျိုး၊ အားလုံးရဲ့အကျိုး၊ ရှမ်းပြည်နယ်ရဲ့ အကျိုးကို မျှော်ကိုးပြီး ဆွေးနွေးခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ရှင့် ရှမ်းပြည်နယ် တစ်ခုလုံးရဲ့ဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးနှစ် တစ်ခုအတွင်း သက်ဆိုင်ရာကဏ္ဍများ၊ ဌာနများ ပုံမှန်လည်ပတ်စီးဆင်းနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်းသည် အသက်သွေးကြောတစ်မျှ အရေးကြီးတယ်ဆိုတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ အသေးစိတ် စိစစ်ပြီး ရသုံးမှန်းခြေငွေစာရင်းများကို သေချာရေးဆွဲထားတဲ့အတွက် လွှတ်တော်ကို တင်ပြတဲ့အခါမှာလည်း အမှားအယွင်းကင်းစေချင်ပါတယ်။ ပထမအချက်အနေနဲ့ ယခု ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီရုံး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးလုပ်ငန်းများအရေအတွက် များဟာ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ ပထမ၊ ဒုတိယ၊ တတိယဦးစားပေး စုစုပေါင်းလုပ်ငန်း(၂၄)ခုကို (၂၃)ခု ဟူ၍လည်းကောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပထမ၊ ဒုတိယ၊ တတိယဦးစားပေး စုစုပေါင်းလုပ်ငန်း (၂၂)ခုကို (၁၈)ခုဟူ၍ လည်းကောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပထမ၊ ဒုတိယ၊ တတိယဦးစားပေး လုပ်ငန်း (၂၀)ခုကို (၁၉)ခုဟူ၍ လည်းကောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စွမ်းအင်ကဏ္ဍ ပထမဦးစားပေး လုပ်ငန်း(၄)ခုကို (၁)ခုဆိုပြီးတော့ ဖော်ပြတဲ့အတွက် စုစုပေါင်းမှာ (၂၂)ခုဟူ၍လည်းကောင်း လုပ်ငန်းလျာထားမှု အရေအတွက် မှားယွင်းဖော်ပြနေတာကို တွေ့ရှိရပါတယ်။ ဒါတွေကလည်း သတိထားသင့်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် နောက်တစ်ချက်ကတော့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်

ကိုယ်စားလှယ်များ အားလုံးကို တောင်းပန်အပ်ပါတယ်။ နောင်တွင် ဒီလိုမျိုးမဖြစ်ရလေအောင် ဆောင်ရွက်သွားမည်ဟု ဆန္ဒပြုအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ နောင်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြလာသောလုပ်ငန်းများ ကျွန်တော့်ထံသို့ တင်ပြပြီး ကျွန်တော်မှ ကျွန်တော့်၏ ဒုတိယအင်ဂျင်နီယာချုပ်၊ ပြည်နယ်မှူးအား တင်ပြလာသောလုပ်ငန်း၊ မြို့နယ် ဒီနေရာ ကုန်ကျငွေ တွေကို ပြန်လည်စိစစ်ပြီးမှသာလျှင် အတည်ပြုပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ကျွန်တော်၏ ပြည်နယ်မှူး ကွင်းဆင်း မစိစစ်ရသေးသော လုပ်ငန်းများကို ဘတ်ဂျက်တွင် ထည့်သွင်းပေးနိုင်မည်မဟုတ်ပါကြောင်း နားလည်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် မိုးနဲမဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သစ်သားလျှပ်စစ်ဓါတ်အားတိုင်များကို အစားထိုး၍ ကွန်ကရစ်တိုင်များအဖြစ် အစားထိုးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို တင်သွင်းခဲ့ပါတယ်။ ပြည်နယ်လျှပ်စစ်ဝန်ကြီးမှလည်း ပြည်ထောင်စု ဘတ်ဂျက် ရရှိမှုအပေါ် မူတည်၍ အခြားမြို့နယ်များနည်းတူ ဆောင်ရွက်ပေးပါမည်ဟု ပြန်လည်ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ မေးခွန်းတင်သွင်းတဲ့အချိန်က (၂၉-၂-၂၀၁၂)မှ ယနေ့အထိ ဓါတ်အားတိုင်များ အစားထိုး ဆောင်ရွက်ခြင်းမရှိသေးပါ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ လုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်အား ရှမ်းပြည်နယ်အစိုးရသို့ တင်ပြပြီးဖြစ်၍ မူလရန်ပုံငွေတောင်းခံမှုတွင် ပါဝင်မှုမရှိနိုင်သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေ ရရှိရေးအတွက် ဆက်လက်





မီးလင်းရေးဆောင်ရွက်နေတဲ့ ကျေးရွာ(၄)ရွာ တည်ရှိပြီး ၄င်းကျေးရွာများနှင့် နီးကပ်တဲ့ ကဖုရှေ့ကျေးရွာကို ပြောင်းလဲလျာထားပေးမည်ဆိုလျှင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ဆောင်ရွက်နေသော ပြည်သူလူထုများရဲ့ ဝန်ထုပ်ဝန်ပိုးကိုပါလျှော့ချပေးရာ ရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှု ဒုတိယဦးစားပေးလုပ်ငန်းအမှတ်စဉ်(၃၈)တွင် မိုးပြဲမြို့၊ ထင်းရှူးကုန်းကျေးရွာအစား မိုးပြဲ၊ ကဖုရှေ့ကျေးရွာအဖြစ် ပြောင်းလဲလျာထားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာတင်ပြရင်း ကျွန်မရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

## ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်<br>ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များက<br>ပြန်လည်ရှင်းလင်းခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း လျာထား ချက်နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပေးပါရန် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ၊ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါ

ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတင်ပြလာတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးစောလုံးရဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ အားလုံးကတော့ တိုင်အရေ အတွက်ကတော့(၁၂၀)လုံးဖြစ်ပါတယ်။ ကွန်ကရစ်တိုင်(၁၂၀)တိုင် တန်ဖိုးသည် သိန်း(၁၅၀)ပတ်ဝန်းကျင် ကုန်ကျ မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သော ကွန်ကရစ်တိုင်ကို ရရှိစေရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အဆင်ပြေသော နည်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအိုက်ခရဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ အမှတ်(၂)ရပ်ကွက်တွင် ရွှေလီမဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့ပါသည်။ ၎င်းကိစ္စများကို ကျွန်တော်မှ မန်တုံမြို့သို့ (၁-၁၁-၂၀၁၁) ရက်နေ့မှစ၍ ၃၃ကေဗွီဓါတ်အားလိုင်းများကို (၂၈)မိုင်၊ ၃၃/၁၁ ကေဗွီ (၁. ၂၅) ကေဗွီအေ ထရန်စဖော်မာဖြင့် ဓါတ်အားစနစ်မှ စတင်၍ ဓါတ်အားဖြန့်ဖြူးပေးထားပါသည်။ မန်တုံမြို့ပေါ်ရှိ မြို့မရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်(ဟိုခို)သို့ ၁၁ကေဗွီဓါတ်အားလိုင်း (၂)မိုင်၊ ၁၁/၀. ၄ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ(၂)လုံး၊ ၄၀၀ ဗို့ဓါတ်အားလိုင်း (၂)မိုင်ဖြင့် ဓါတ်အား ဖြန့်ဖြူးပေးလျက်ရှိပါသည်။ မန်တုံမြို့၊ အမှတ်(၁)ရပ်ကွက်တွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးပေးရန်အတွက် ၁၁ ကေဗွီ ဓါတ်အားလိုင်း (၁. ၅)မိုင်၊ ၁၁/၀. ၄ ကေဗွီအေ ၂၀၀ကေဗွီအေ ဓါတ်အားခွဲရုံ(၁)ရုံ နှင့် ၄၀၀ဗို့ ဓါတ်အားလိုင်း(၂)မိုင် တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မန်တုံမြို့၊ အမှတ်(၁)





တယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရသည် မိဘပြည်သူများအပေါ် စေတနာမေတ္တာ အပြည့်အဝထားရှိပါသည်။ မိဘပြည်သူများ၏ အသံကို နားထောင်ပြီး မိဘပြည်သူများ၏ ဆန္ဒကို ဖြည့်စွက်နိုင်ရန် အမြဲ ဆန္ဒရှိပါသည်။ မိဘပြည်သူများ၏ လိုအပ်ချက်များကို ဖော်ဆောင် ဆောင်ရွက်ပေး လျက်ရှိပါသည်။ ယခု ကဏ္ဍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ BEဘတ်ဂျက်တွင် ထည့်သွင်း လျာထားသည့် လုပ်ငန်းများတွင် မပါရှိသည့်အတွက် များစွာ စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် မြို့နယ်(၅၅)မြို့နယ်၊ မြို့နယ်ခွဲ(၂၉)မြို့နယ်ပါရှိပြီး နယ်မြေကျယ်ဝန်း လှပါသည်။ မမှားသော ရှေ့နေ၊ မသေသော ဆေးသမား ရှိသလို လူတိုင်းခြောက်ပစ်ကင်း သဲလဲစင် မရှိနိုင်ပါ။ အမှားကို အမှန်ပြင်ခွင့် ရရှိ တဲ့အတွက်လည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်သည် တာဝန်ဖြင့် ခရီးသွားနေတဲ့အချိန် တိုက်ဆိုင်နေပါတယ်။ လျှပ်စစ် မီးလင်းရေးကိစ္စအတွက် ခရီးသွားနေခြင်းဖြစ်ပါတယ်။ သိန်းနီ၊ တန့်ယန်း၊ မိုင်းရယ်၊ ကွတ်ခိုင်၊လားရှိုး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ သိရှိပြီးသားဖြစ်ပါတယ်။ လက်ရှိ ပြည်နယ်မှူး၏ တင်ပြ လာသော လုပ်ငန်းများထပ်နေမှု၊ ခန့်မှန်းခြေစာရင်းကွာဟမှုများ ကိုက်ညီမှုမရှိသည်ကိုလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေး ဝန်ကြီးမှ သဘောထားကြီးစွာဖြင့် ပြည်နယ်လွှတ်တော်များ၏ တွေ့ရှိချက်၊ စေတနာ၏ ဖော်ပြချက်များကို ပြန်လည်ပြင်ဆင်ခွင့် ရရှိခဲ့ပါ သည်။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးတို့ကို အထူးပဲကျေးဇူးတင်ရှိပါ ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ တင်ပြ အပ်ပါတယ်။ ခွင့်လွှတ်ပေး နိုင်ပါစေကြောင်းလည်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်

ရပ်ကွက်အား ရွှေလီ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး အတွက် အထက်ပါ လုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ရရှိပါက စီစဉ် ပေးနိုင်မည့် ကာလအချိန်ကို စိစစ်၍ ပြန်ကြားပေး သွားမည် ဖြစ်ပါကြောင်း ဖြေကြားခဲ့ဘူးပါတယ်။ သို့ပါသော်လည်း ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရေးဆွဲတင်ပြခဲ့သော လျှပ်စစ် ဘတ်ဂျက်ထဲတွင် ရေးဆွဲထည့်ထားခြင်း မရှိသည်ကို တွေ့ရှိရပါ သည်။ မန်တုံမြို့၊ အမှတ်(၁)ရပ်ကွက် လျှပ်စစ်ဓါတ်အား သွယ်တန်း နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ဘတ်ဂျက်တွင် ထည့်သွင်းထားခြင်းမရှိသော်လည်း ပြည်နယ် ဘတ်ဂျက်ခွင့်ပြုမှုအပေါ် မူတည်၍ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်ရဲ့ လျှပ်စစ်ကဏ္ဍနဲ့ ပတ်သက်တဲ့ မေးခွန်းများကို ကျွန်တော်ပြန်လည်ဖြေကြားပေး သွားမှာ ဖြစ်ပါတယ်။ ဖယ်ခုံမြို့ ကျေးလက် ဒေသမီးလင်းရေး အတွက် ဦးစားပေးလုပ်ငန်းအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BEဘတ်ဂျက်တွင် ထည့်သွင်းလျာထားသည့် လုပ်ငန်းများ အမှတ်စဉ်(၁) ထည့်သွင်းပေးရန် လုပ်ငန်းအမည်၊ လွှတ်တော်ကိုယ်စား လှယ်ရဲ့အမေး ဖယ်ခုံမြို့၊ မိုင်းဖြတ်အလယ်ရွာ ဓါတ်အားရရှိရေးအတွက် ၄၀၀ဗို့ ဓါတ်အားလိုင်း(၁)မိုင် တိုးချဲ့ ဆောက်လုပ်ခြင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့က ဖယ်ခုံမြို့၊ မိုင်းဖြတ်အလယ်ရွာ ဓါတ်အားရရှိရေးအတွက် (က)၁၁ကေဗွီ ဓါတ်အားလိုင်း(၀. ၈)မိုင်၊ (ခ) ၁၁/၀. ၄ ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် (ဂ)၄၀၀ဗို့ ဓါတ်အားလိုင်း(၁)မိုင် တိုးချဲ့ ဆောက်လုပ်ပေးသွားမှာဖြစ်ပါတယ်။





အဲဒါက မေးထားတဲ့အတိုင်းဘဲ အားလုံးက ပြည့်ပြည့်စုံစုံ ဒီအတိုင်း ဘဲ ဖြစ်ပါတယ်။

နံပါတ်(၆) ဖယ်ခုံမြို့၊ ခေါင်းမိုင်းရွာဓါတ်အားရရှိရေးအတွက် (က)၁၁ကေဗွီဓါတ်အားလိုင်း (၃ )မိုင်၊ (ခ) ၃၃/၀. ၄ ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် (ဂ) ၄၀၀ဗို့ ဓါတ်အား လိုင်း(၁)မိုင် တိုးချဲ့ဆောက်လုပ်ခြင်းဆိုတဲ့နေရာကလည်း ပွင့်ပွင့် လင်းလင်းပြောရရင် အဲဒီနေရာမှာ ၁၁ကေဗွီဓါတ်အားလိုင်းလည်း မရှိပါဘူး။ မလိုအပ်တဲ့အတွက်ကြောင့် ၁၁ကေဗွီဓါတ်အားလိုင်း (၃ )မိုင်ဆိုတာကတော့ ကျွန်တော်တို့က ဖြုတ်ထားပါတယ်။

အမှတ်စဉ်(၇)ဖယ်ခုံမြို့၊ ခေါင်းအိရွာဓါတ်အားရရှိရေး အတွက် (က) ၁၁ကေဗွီဓါတ်အားလိုင်း (၃) မိုင် အဲဒီနေရာမှာ ကျွန်တော်က ၁၁ကေဗွီဓါတ်အားလိုင်းကို(၂)မိုင်ဘဲ လိုအပ်တဲ့ အတွက်ကြောင့်မို့ (၂)မိုင်ထည့်ထား ပါတယ်။ ၁၁/၀. ၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး အဲဒီနေရာမှာကျတော့ ကျွန်တော်တို့ ၁၁/၀. ၄ကေဗွီ (၂၀၀)ကေဗွီအေထရန်စဖော်မာ (၂)လုံး (၁)လုံးပိုပြီးမှ တပ်ဆင်ထားပေးပါတယ်။ ထည့်သွင်းထား ပေးပါတယ်။ ၄၀၀ဗို့ ဓါတ်အားလိုင်းက (၁)မိုင် ရေးထားပေမယ့် လိုအပ်တာ(၂)မိုင်ဖြစ်တဲ့အတွက်ကြောင့်မို့ (၂)မိုင်နဲ့ ရေးဆွဲထား ပါတယ်။

နံပါတ်(၈) ဖယ်ခုံမြို့၊ စက်တော်ရွာဓါတ်အားရရှိရေးအတွက် ၁၁ကေဗွီဓါတ်အားလိုင်း (၂ )မိုင်နေရာမှာ ၁၁ကေဗွီဓါတ်အားလိုင်း က(၃)မိုင်ထည့်ထားပါတယ်။ ၁၁/၀. ၄ ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ (၁) လုံးနေရာမှာ ထရန်စဖော်မာကို (၂)လုံး ထည့်သွင်း လျာထားပေးပါတယ်။ နောက်ပြီးတော့ ၄၀၀ဗို့ ဓါတ်အား လိုင်းက (၀. ၄)မိုင် တိုးချဲ့ဆောက်လုပ်ခြင်းဆိုတဲ့နေရာမှာ ကျွန်တော်က ၄၀၀ဗို့ ဓါတ်အားလိုင်းကို (၂)မိုင်တိုးချဲ့ထားပါတယ်။

နံပါတ်(၉) ဖယ်ခုံမြို့ ကုန်းစုံရွာဓါတ်အားရရှိရေးအတွက် ၁၁ကေဗွီဓါတ်အားလိုင်းက (၀. ၁ )မိုင် အဲဒီ နေရာမှာ (၀. ၁)မိုင်က မလောက်တဲ့အတွက်ကြောင့်မို့ အဲဒီမှာ ဆွဲရမှာ (၃)မိုင်ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ (၃)မိုင်ထည့်သွင်းရေးဆွဲထားပေးပါတယ်။ ၁၁/၀. ၄ ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး အဲဒါကတော့အတူတူဖြစ်ပါတယ်။ ၄၀၀ဗို့ ဓါတ်အားလိုင်း(၁)မိုင်ဆိုတာလည်း အတူတူဖြစ်ပါတယ်။

ဖယ်ခုံမြို့ ထင်းရှူးကုန်းရွာဓါတ်အားရရှိရေးအတွက် ၁၁ကေဗွီအေဓါတ်အားလိုင်း (၁. ၅)မိုင် နဂိုကလည်း (၁. ၅)မိုင်၊ ၁၁/၀. ၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁) လုံးနေရာမှာ အဲဒီမှာလည်း ဒီအတိုင်းဘဲ (၁)လုံး ၄၀၀ဗို့ ဓါတ်အားလိုင်းက (၁)မိုင် အဲဒီမှာလည်း ဓါတ်အားလိုင်း(၁)မိုင် တိုးချဲ့ဆောက်လုပ်သွားမယ်လို့ တင်ပြ ထားပေမယ့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ လိုအပ်ချက်က ထင်းရှူးကုန်းရွာအစား အခြားရွာတစ်ရွာ အစားထိုး လဲလှယ်ပေးဖို့ တင်ပြလာတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့က စီစဉ်စီမံတင်ပြပေးသွားမှာဖြစ်ပါတယ်။

နံပါတ်(၁၁) ဖယ်ခုံမြို့ ကဖုရှေ့ကျေးရွာဓါတ်အားရရှိရေးအတွက် ၁၁ကေဗွီဓါတ်အားလိုင်း (၃) မိုင်၊ ၁၁/၀. ၄ ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနေရာ နှင့် ၄၀၀ဗို့ ဓါတ်အားလိုင်းက (၀. ၄)မိုင် တိုးချဲ့ဆောက်လုပ်ခြင်းဆိုတဲ့နေရာမှာ ဘတ်ဂျက်လျာထားချက်တွင် မပါဝင်ကြောင်း လေးစားစွာ ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ် ခင်ဗျား။

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင် လျှပ်စစ်ဝန်ကြီး ဖြေသွားတဲ့ပေါ်မှာ ကျွန်မအနည်းငယ် ပြန်လည်ဆွေးနွေးခွင့်ပြုပါရှင်။



D/real(wide) (3



နံပါတ်(၂)အစီအစဉ် ဖယ်ခုံမြို့ မိုင်းဖြတ်အောက်ရွာ ဓါတ်အားရရှိရေးအတွက် ၄၀၀ဗို့ ဓါတ်အားလိုင်း (၁. ၅)မိုင်တိုးချဲ့ဆောက်လုပ်ခြင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ကတိုးချဲ့ဆောင်ရွက်ပေး ရန် စီစဉ်ထားရှိတဲ့ အကြောင်း တင်ပြမှာဖြစ်ပါတယ်။ ဖယ်ခုံမြို့ မိုင်းဖြတ်အောက်ရွာ ဓါတ်အားရရှိရေးအတွက် (က) ၁၁ကေဗွီဓါတ်အားလိုင်း (၀. ၅)မိုင်၊ (ခ) ၁၁/၀. ၄ ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် (ဂ) ၄၀၀ ဗို့ ဓါတ်အားလိုင်း (၁. ၅)မိုင် တိုးချဲ့ဆောက်လုပ်ခြင်းဖြစ်ပါတယ်။

နံပါတ်(၃)ဖယ်ခုံမြို့ လွယ်ပါသာရွာ ဓါတ်အားရရှိရေးအတွက် ကတော့ (က) ၁၁ကေဗွီဓါတ်အားလိုင်း (၀. ၃)မိုင်၊ (ခ) ၁၁/၀. ၄ ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် (ဂ) ၄၀၀ဗို့ ဓါတ်အားလိုင်း(၀. ၆)မိုင် တိုးချဲ့ဆောက်လုပ်ခြင်းဆိုတဲ့နေရာမှာ အဲဒီရွာသာကြီးကတော့ ကျွန်တော်တို့က လျှပ်စစ်မီးရရှိပြီးသား ဖြစ်သွားပါပြီ။ လျှပ်စစ်ဓါတ်လည်းလွှတ်ထားပြီးသားဖြစ်ပါတယ်။

နံပါတ်(၄) ဖယ်ခုံမြို့ လုံကာရွာဓါတ်အားရရှိရေးအတွက် ၁၁ကေဗွီဓါတ်အားလိုင်း (၁. ၅)မိုင်၊ ၁၁/၀. ၄ ကေဗွီ (၁၆၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ၄၀၀ဗို့ ဓါတ်အားလိုင်း(၁)မိုင် တိုးချဲ့ဆောက်လုပ်ခြင်း ဆိုတဲ့နေရာမှာ ဖယ်ခုံမြို့ လုံကာရွာ ဓါတ်အားရရှိရေးအတွက် ၁၁ကေဗွီဓါတ်အားလိုင်း (၁. ၅)မိုင်၁၁/၀. ၄ ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ၄၀၀ဗို့ ဓါတ်အားလိုင်း (၁)မိုင် တိုးချဲ့ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒါကတော့ အပြောင်းအလဲ မရှိပါဘူး ခင်ဗျား။

နောက်ပြီးတော့ နံပါတ်(၅)လည်း ဖယ်ခုံမြို့ လဝဲ့ရွာ ဓါတ်အားရရှိရေးအတွက် ၁၁ကေဗွီ ဓါတ်အားလိုင်း (၀. ၃) မိုင်၊ ၁၁/၀. ၄ ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ၄၀၀ဗို့ ဓါတ်အားလိုင်း(၁)မိုင် တိုးချဲ့ဆောက်လုပ်ခြင်း ဆိုတဲ့ဟာကလည်း

ဥက္ကဋ္ဌ။ လိုရင်းတိုရှင်းပေါ့နော်။

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အခုလို ပြန်လည်ဆွေးနွေးခွင့်ပြုတဲ့အတွက် လွှတ်တော် ဥက္ကဋ္ဌကြီးကို ကျေးဇူးအများကြီး တင်ပါတယ်ရှင်။ ဆက်လက်ပြီးတော့လည်း ရှည်ရှည်ဝေးဝေးဖြေ ကြားပေးတဲ့ လျှပ်စစ်ဝန်ကြီးကိုလည်း အထူးဘဲ ကျေးဇူးတင်ပါတယ်။ လျှပ်စစ်ဝန်ကြီး ဖြေဆိုသွားတဲ့ အကြောင်း အရာများကတော့ ကျွန်မ ဒီဇင်ဘာလ ၁၀ရက်နေ့တုန်းက စာအမှတ်၊ ၀၄၀ ဘတ်ဂျက် ၂၀၁၄ နဲ့ပေးပို့ထားတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရထံ အကြံပြုတဲ့စာပေါ် မှာ လျှပ်စစ်ကဏ္ဍနဲ့ ပတ်သက်ပြီးတော့ ကျွန်မတင်ပြချက်ဖြစ်ပါ တယ်။ ဒီကနေ့ ကျွန်မဆွေးနွေးတဲ့ တင်ပြချက်ကတော့ ကျွန်မတို့ မနေ့ညတုန်းက လျှပ်စစ်ဝန်ကြီးကနေ ပေးပို့တင်ပြလာတဲ့ ၂၀၁၅-၂၀၁၆ လျှပ်စစ်ကဏ္ဍရဲ့ ဒီစာအုပ်ထဲမှာပါတဲ့ အမှတ်စဉ်(၁၀၈)မှာ မိုးဗြဲမြို့၊ ထင်းရှူးကုန်းကျေးရွာဆိုတာ ပထမဦးစားပေးမှာ ပါထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒုတိယဦးစားပေး တိုးချဲ့ရင်းနှီးမြှုပ်နှံမှု မှာလည်း ထင်းရှူးကုန်းကျေးရွာဟာ နောက်ထပ်တစ်ကြိမ်ပြန်လည် ပါတဲ့အတွက်ကြောင့်မို့ အဲဒီအစား ကဖုရှေ့ကျေးရွာကို နာမည်ဘဲ ကျန်တဲ့ ခါတ်အားလိုင်းတွေ၊ ဗို့အားတွေဘာမှ အပြောင်းအလဲမရှိဘဲ နဲ့ ဒုတိယဦးစားပေးမှာ အဲဒီ ထင်းရှူးကုန်းကျေးရွာအစား ကဖုရှေ့ ကျေးရွာမှာ ထည့်သွင်းပေးဖို့ဆိုတာကို ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ လျှပ်စစ်ဝန်ကြီးမှလည်း ဒီတိုးချဲ့ BE တိုးချဲ့ရင်းနှီးမြှုပ်နှံမှု ဒုတိယဦးစားပေးအမှတ်စဉ် (၃၈)မှာ ထင်းရှူးကုန်းကျေးရွာအစား ကဖုရှေ့ကျေးရွာအမည်ဖြင့် ပြန်လည်ထည့်သွင်းခွင့်ပြုပါရန် လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်းနိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။





ဟာလည်း လက်ရှိ ယနေ့ထိလျှပ်စစ်မီးရနေတာမှန်သော်လည်း ရေကာတာ လျှပ်စစ်ဓါတ်အားခွဲစက်ရုံမှတစ်ဆင့် ယူရတဲ့ အတွက်ကြောင့် ဒါသည် တရားဝင်မဟုတ်ပါဘူး၊ ဒါကြောင့်မို့ ထင်းရှူးကုန်းကျေးရွာ မီးရရှိနေပြီဟု ကျွန်မဆိုလိုခြင်းမဟုတ်ပါဘူး၊ ပထမဦးစားပေးမှာ ပါဝင်ပြီး သားဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒုတိယဦးစားပေးမှာ အမှတ်စဉ်(၃၈)မှာ ကျေးရွာပြန်လည် ပြောင်းလဲပေးဖို့ဘဲ တောင်းဆို ခြင်းဖြစ်ပါတယ်ရှင့်၊ ကျေးဇူးတင်ပါ တယ်ရှင့်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ ဖယ်ခုံမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့ လိုအပ်ချက် တွေအားလုံး ကျွန်တော်တို့ ပြောင်းလဲပေးသွားမှာဖြစ်တဲ့အကြောင်း တင်ပြ အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးက ဆက်လက်ပြီးတော့မှ ဆွေးနွေးရန် ရှိပါက ဆွေးနွေးနိုင်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။လေးစားအပ်ပါတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ အနည်းငယ်လေးဖြည့်စွက် ဆွေးနွေးခွင့်ပြုတဲ့ အတွက် ကျေးဇူးတင် ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ခုနက ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်အေးချိုစိန် ဆွေးနွေးခဲ့တဲ့ ဆွေးနွေးချက်များသည် ကျွန်တော်တို့ လုပ်ငန်းမတူပါဘူး။ ဒီပထမဦးစားပေးထဲမှာ ပါတဲ့ဟာသည် ဒါက မူလလုပ်ငန်းဖြစ်ပြီးတော့ ကျွန်တော်တို့ ဒုတိယ အမှတ်စဉ်(၃၈) လို့ပြောတဲ့ မိုးဗြဲမြို့၊ ထင်းရှူးကုန်းရပ်ကွက် အဲဒါသည် ကျွန်တော်တို့ အပေါ်မှာ ခေါင်းစဉ်မှာ ဖော်ပြထားပေးပါတယ်။ တိုးချဲ့ရင်းနှီးမြှုပ်နှံမှု



D/real(wide) (3

လုပ်ငန်း ဖြစ်ပါတယ်။ လုပ်ငန်းမတူတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးပေးလိုပါတယ်။ နောက်တစ်ခုကတော့ လွှတ်တော်ကိုယ်စားလှယ်ဒေါ်အေးချိုစိန်ဆွေးနွေးတဲ့ အရှေ့ပိုင်းမှာ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွေမှာ နည်းပါပြီး ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွေမှာ တစ်ချို့ဒေသတွေမှာ များနေပါတယ်ဆိုတဲ့ အနေအထားလေးကိုလည်း အနည်းငယ် ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ရဲ့ ဒီပြောင်းလဲလာတဲ့ နိုင်ငံရေးစနစ်အရ စီမံခန့်ခွဲမှု ဒီအုပ်ချုပ်ရေးအပိုင်းမှာလည်းဘဲ ပြည်သူကို ဗဟိုပြုတဲ့စနစ်နဲ့ ဒါနိုင်ငံတော်ကနေကျွန်တော်တို့ မူဝါဒချမှတ် ပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် မို့လို့ ရပ်ကွက်/ကျေးရွာ အုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနဲ့ စည်ပင်သာယာရေးကော်မတီစသဖြင့် ကော်မတီအသီးသီးကို ဖွဲ့စည်းပေးပြီးဖြစ်ပါတယ်။ အဓိကသည် ပြည်သူကို ဗဟိုပြုတဲ့အတွက် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီသည် မိမိတို့ဒေသမှာရှိနေတဲ့ လိုအပ်သော လုပ်ငန်းများကို စုစည်းပြီးတော့ တွက်ချက်စုစည်းပြီးတော့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ကိုပေးပို့ရမှာဖြစ်ပါတယ်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီရောက်လာတဲ့အခါမှာ မြို့နယ် စီမံခန့်ခွဲရေးကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့်အတူ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ဆွေးနွေးပြီးတော့ ပါရှိလာတဲ့ အချက်အလက်များသည် ဥပမာ- ဦးစီးဌာနအလိုက်ခွဲပြီးတော့ ဆက်လက်ပေးပို့ရမှာဖြစ်ပါတယ်။ ဥပမာ-ကျွန်တော်တို့ ပညာရေးနဲ့ပတ်သက်ရင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဆိုရင် ကျန်းမာရေးဦးစီးဌာန၊ နောက်တစ်ခု ကျွန်တော်တို့ အဲဒီမှာ ပါလာတဲ့ စီမံကိန်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးကျေးလက်ဦးစီးထဲကိုထည့်ဖို့





ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။ အားလုံး မင်္ဂလာပါခင်ဗျား- ဖယ်ခုံမြို့နယ်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ရဲ့ ထပ်ဆင့်ပြီးတော့ စေတနာ၊ မေတ္တာ အပြည့်အဝထားရှိပြီး မေးလာသည့်မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ အဲနေရာ မှာကြတော့လည်း ကျွန်တော်တို့က ကဖုရှေ့ ကျေးရွာဟာ ဘတ်ဂျက်လျာထားချက်တွင်မပါဝင်ဘူးဆိုတဲ့ ထားတဲ့နေရာကို တကယ်တမ်းပြောရမယ်ဆိုရင် မိုးဗြဲမြို့ ထင်းရှူးကုန်းရွာ ဓါတ်အားရရှိရေးနေရာမှာ ထင်းရှူးကုန်းရွာ ဓါတ်အားရရှိပြီးသားလို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဖြေကြားပြီးသွားတယ် အဲတော့ ဒီနေရာမှာထည့်ထားတဲ့ ဒီအတိုင်းဘဲ အောက်ပါနံပါတ်(၁၁) ကျွန်တော်ဖြေကြားခဲ့တဲ့ ဖယ်ခုံမြို့၊ ကဖုရှေ့ရွာဆိုတဲ့ ဓါတ်အားရရှိရေး ကိုဘဲအစားထိုး၊ ထင်းရှူးကုန်း ရွာအစားထိုး ကဖုရှေ့ကျေးရွာထည့်မှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌမှအတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် နည်းနည်းလေးဆွေးနွေး ခွင့်ပြုပါရှင့်။ ကျွန်မအမြင်ကတော့ ဝန်ကြီးနားလည်မှုလွဲနေတယ်လို့ထင်ပါတယ်ရှင့်။ ကျွန်မတို့ပထမဦးစားပေး အမှတ်စဉ်(၁၀၈)မှာ ဒါမိုးဗြဲမြို့၊ ထင်းရှူးကုန်းကျေးရွာပါပြီးသားဖြစ်ပါတယ်ရှင့်၊ အဲဒါကြောင့်မို့လို့ ပထမဦးစားပေး မှာ ထင်းရှူးကုန်းကျေးရွာပါပြီးသားဖြစ်တဲ့ အတွက်ကြောင့် ဒုတိယဦးစားပေး အမှတ်စဉ်(၃၈)မှာ BE တိုးချဲ့ရင်းနှီးမြှုပ်နှံမှု ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းတွင် အမှတ်စဉ်(၃၈)မှာ ထင်းရှူးကုန်းကျေးရွာပြန်လည်ပါနေပါသဖြင့် အဲဒီ ထင်းရှူးကုန်းကျေးရွာအစား ဒုတိယဦးစားပေးမှာ ကဖုရှေ့ကျေးရွာအနေနဲ့ထည့်ဝင်ပေးဖို့ ကျွန်မ ပြောခြင်း ဖြစ်ပါတယ်ရှင့်၊ ထင်းရှူးကုန်းကျေးရွာ

လိုအပ်တဲ့ဟာလည်း ကျွန်တော်တို့ အဲဒီမှာ ခွဲဝေမယ်။ နတလ လုပ်ငန်းမှာ လည်း အဲထဲမှာ မျှပြီးတော့ ခွဲဝေ ထည့်သွင်းရေးဆွဲရမှာ ဖြစ်ပါတယ်။ အဲဒီနေရာမှာလည်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များပါဝင်နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် များမှလည်း အဲဒီအချိန်မှာဆွေးနွေး ပေးဖို့လိုမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သက်ဆိုင်ရာဦးစီးဌာနတွေကို ပေးပို့ပြီးတဲ့ အခါမှာ ၄င်းမှတစ်ဆင့် ပြည်နယ်၊ ခရိုင်ဦးစီး ဌာနကနေ ကျွန်တော်တို့ ပြည်နယ် သက်ဆိုင်ရာ ပြည်နယ်ဦးစီးဌာနသို့ ရောက်ရှိလာမှာဖြစ်ပါ တယ်။ ပြည်နယ်ဦးစီးဌာနကနေတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးထံ တင်ပြပြီး အတည်ပြုချက် ပထမဦးစွာရယူပါတယ်။ ဝန်ကြီးများမှ အတည်ပြုပြီးတဲ့ စီမံကိန်းလုပ်ငန်းများကို ဘတ်ဂျက်လုပ်ငန်းများကို ဘတ်ဂျက်ဦးစီးဌာနကို ပေးပို့ရမှာဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက် ဦးစီးဌာနကနေ ပြည်နယ်ဘတ်ဂျက်မှာ ပါဝင်နေတဲ့ လုပ်ငန်းများ အားလုံးကို စုစည်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ Cabinet မှာ ထပ်မံဆွေးနွေးပြီးတော့ အတည်ပြုချက်ရယူရတာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးကနေ အတည်ပြုပြီးတဲ့ ကျွန်တော်တို့ရဲ့ ဒီ ရသုံးခန့်မှန်းခြေငွေစာရင်း ဖြစ်လာတဲ့ အခါမှာ ပြည်နယ်လွှတ်တော်မှာ တင်ပြပြီး ဆွေးနွေးအတည်ပြုခြင်းကို ဆောင်ရွက်ရပါတယ်။ ပြည်နယ်လွှတ်တော်ကနေ အတည်ပြု ဆွေးနွေးပြီးတဲ့ ဒီဘတ်ဂျက်ကို ကျွန်တော်တို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆက်လက်ပေးပို့ ရတာဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနကို ရောက်ရှိလာတဲ့ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များအားလုံးကို နိုင်ငံတော် ဒုတိယသမ္မတ(၂)ဦးစီးအဖွဲ့ကနေ စိစစ်ပြီးတော့ ဘဏ္ဍာရေး ကော်မရှင်မှာ ဆက်လင်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ဒီလိုဆက်လက် ဆွေးနွေးပြီးမှ လိုအပ်တဲ့ နိုင်ငံတစ်နိုင်ငံလုံးရဲ့ ဂျီဒီပီအပေါ်မှာ



D/real(wide) (3



## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးပြီး နှစ်ပတ်ခန့် အကြာမှာ ယခု ကျင်းပတဲ့ အရေးပေါ်အစည်းအဝေးကို ထပ်မံ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို အထူးဘဲ ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းပြု ပြောကြားလိုပါတယ်။

ဒီအရေးပေါ် အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို လိုအပ်သလို ပြန်လည်ပြုပြင်ရေးဆွဲပြီး လွှတ်တော်ကို တင်ပြနိုင်ခဲ့သလို ယခု ဒီအရေးပေါ်အစည်းအဝေးမှာ ဆွေးနွေးအကြံပြုသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုလည်း သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် ယခု အရေးပေါ်အစည်းအဝေးမှာ အကြံပြုဆွေးနွေးချက် များအားလုံးကို မှတ်တမ်းတင်ထားရှိပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၁၄၆)နှင့်အညီ ပြည်နယ် ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးဖြစ်သည့်-

(က) ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ် စနစ်တကျ ပြေးဆွဲနိုင်ရေး နည်းဥပဒေ၊

( ခ) ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း နည်းဥပဒေနှင့်

( ဂ) ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း နည်းဥပဒေ စာအုပ်များကို လွှတ်တော်ကိုယ်စားလှယ်များ ထံဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီနည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးနောက် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၁၅၈)အရ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ် များက ယင်းနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် လွှတ်တော်တွင် အဆို တင်သွင်းနိုင်ပါတယ်။ ပြင်ဆင်ရန်မရှိပါက ဒီနည်းဥပဒေများဟာ အတည်ဖြစ်မှာ ဖြစ်ကြောင်း တစ်ဆက် တည်း ပြောကြားလိုပါတယ်။

၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရာတွင် လိုက်နာရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် စာတစ်စောင်ကို ရွေးကောက်ခံ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအား ပေးရန်၊ ပြည်ထောင်စုလွှတ်တော်မှ ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ ပေးပို့ လာပါတယ်။ ဒီစာများကို မိမိတို့ မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဆောလျင်စွာပေးပို့နိုင်ရေး အတွက်၊ ယခု အစည်းအဝေးတက်ရောက်နေသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား ပေးလိုက်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့လည်း ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်





တွက်ချက်ပြီး ၅%ထက်မကျော်သော လိုငွေကိုသာ ကျွန်တော်တို့ စီမံရတာဖြစ်တဲ့အတွက် ဒီလိုစီမံပြီးတဲ့အခါမှာ စီမံရတဲ့ အတွက် တချို့ လုပ်ငန်းများကို ဘတ်ဂျက်ကနေ ဖြတ်တောက်ရတာတို့ ဒီဖြတ်ချက် ရတာတို့ဆိုတာ ရှိမှာဖြစ်ပါတယ်။ ဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ် ဘတ်ဂျက်ကို ဒုတိယသမ္မတ(၂)ဦးစီးအဖွဲ့ကနေ ကျွန်တော်တို့ ခုန တင်ပြသလိုဘဲ ဆွေးနွေးပြီးတဲ့အခါမှာ သက်ဆိုင်ရာ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြရပါတယ်။

ပြည်ထောင်စု လွှတ်တော်အတည်ပြုပြီးမှသာလျှင် သုံးစွဲရမှာ ဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုတာကတော့ တစ်ခြားဒေသတွေမှာ နည်းပြီး တချို့ဒေသတွေမှာ များတဲ့အကြောင်းသည် ပြည်သူကို ဗဟိုပြုတဲ့ ရပ်/ကျေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ တွေသာ အဓိကဖြစ်ပါတယ်။ ၄င်း ရပ်ကွက်/ကျေးရွာကျေးဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီအား ကောင်းရင်ကောင်း သလို အဲဒီဒေသမှာ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပြီး တင်ပြနိုင်ရင် တင်ပြသလို ဘတ်ဂျက်မှာ ပါဝင်လာမှာဖြစ်ပါတယ်။ မိမိတို့ဒေသမှာ ဒီကော်မတီ တွေ အားနည်းနေမယ်ဆိုရင်တော့ သူတို့ မဆောင်ရွက်နိုင်ဘူး ဆိုရင်တော့ ကျွန်တော်တို့ထဲမှာ ပါလာမှာမဟုတ်ပါဘူး။ အရင် စနစ်တုန်းကတော့ ကျွန်တော်တို့ Top Down စနစ်နဲ့ ဆောင်ရွက် ပေးမယ့် ယခု စနစ်သည် ကျွန်တော်တို့ Bottom up Initiative စနစ် ဆောင်ရွက်တဲ့အတွက်ကြောင့်မို့ အောက်ခြေကနေ ဆောင်ရွက် ပေးနိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့လည်း ဝိုင်းဝန်း ပြီးတော့ သူတို့ကို တိုက်တွန်းပေးနိုင်ဖို့ ကျွန်တော့အနေနဲ့ တင်ပြ ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သီးခြားအကြံပြုဖို့ ရှိရင်လည်းဘဲ လွှတ်တော်နဲ့ သို့မဟုတ် အစိုးရအဖွဲ့ကို သီးခြားစာနဲ့တင်ပြလို့ ရပါတယ်။

ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြဖို့ မှာကြားလို ပါတယ်။

ပြည်သူများရဲ့ဆန္ဒ၊ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များ ကို ဖော်ဆောင်ရာမှာ လွှတ်တော်နှင့် အစိုးရတို့မှ ဟန်ချက်ညီညီ ဆောင်ရွက်ကြဖို့ လိုသလို Check and Balance လုပ်ဆောင်နိုင် အောင် မိမိတို့လွှတ်တော် ဟာထိုက်သင့်တဲ့ တောင့်တင်းခိုင်မာမှုနဲ့ ကောင်းမွန်တဲ့ပုံရိပ် ရှိဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ၂၀၁၅ ခုနှစ် နှစ်သစ်မှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး လွှတ်တော် တာဝန်များကို ဆထက်ထမ်းပိုး ထမ်းရွက် နိုင်ကြပါစေ။ မိမိတို့ မျှော်မှန်းထားသည့်အတိုင်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြု ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)ပြီးမြောက်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းဝေး (၁/၂၀၁၄)အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။



D/real(wide) (3



## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၇၉-၁/၂၀၁၄။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ (၂၀)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၀-၁/၂၀၁၄။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားခြင်းအား မှတ်တမ်းတင်ခြင်း။**

၁၃၇၆ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ပထမနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားခြင်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၁-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄) ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။



D/real(wide) (3



အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး ဒုတိယနေ့အစီအစဉ် ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၄) ပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

D/real(wide) (3